မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၇)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း ပထမအဆင့် (၃၇)မဂ္ဂါဝပ်စက်တစ်လုံးမှ လျှပ်စစ်ဓာတ်အားစတင်ထုတ်လွှတ်

စီမံကိန်းပြီးစီးပါက နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း (၃၇၀) ထုတ်လွှတ်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်က အလျားပေ ၃၂၈၀ နှင့် အမြင့် ၁၆၄ ပေရှိ ဇုန်တမံအမျိုးအစား တည်ဆောက်ပြီးစီးမှု၊ ရေလွှဲတူးမြောင်းနှင့် သံကူကွန်ကရစ်ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု၊ ရေအားလျှပ်စစ်ထုတ်စက်ရုံအဆောက်အအုံနှင့် ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ၁၀၀ ရာနှုန်းပြီးစီးမှု၊ ပထမအဆင့် ရေအားလျှပ်စစ်ထုတ်ရန် ၃၇ မဂ္ဂါဝပ် စက်တစ်လုံး တပ်ဆင်ပြီးစီးမှုနှင့် ဖေဖော်ဝါရီလတွင် ဒုတိယအဆင့် စက်တစ်လုံး အပြီးတပ်ဆင်မည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက လျှပ်စစ်ဓာတ်အားပေးလွှတ်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကဏန်း၊ ပုစွန်သားပေါက်များ သဘာဝရှင်သန်ပေါက်ဖွားမွေးမြူနိုင်ရေးဆောင်ရွက်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖြစ်သည့် ဒီရေတောများ ပြုစုပျိုးထောင်စိုက်ပျိုး

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျောက်တန်းမြို့နယ်ရှိ ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ကဏန်းကုန်ချောထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး ပြောင်းလဲတိုးတက်လာမှု အခြေအနေများအရ နိုင်ငံပိုင် ရေမြေတောတောင်သဘာဝနှင့် ကိုက်ညီသော မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် သမဝါယမလုပ်ငန်းကဏ္ဍတို့တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက် ရင်းနှီးမြှုပ်နှံလာနိုင်ကြောင်း၊ ပြည်ပပို့ကုန်များ တိုးတက်ထုတ်လုပ် တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု များပြားလာခြင်းကြောင့် ရရှိလာသော အခြေအနေကောင်းများကို အသုံးချကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာနိုင်ပါကြောင်း၊ သဘာဝရေမြေတောတောင်အခြေခံကောင်းများကို အသုံးချကာ ရှိပြီးဖြစ်သည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းကြီးများဖြစ်ထွန်းလာနိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိရေး၊ အလုပ်အကိုင်ရရှိရေးများကို ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနများအနေဖြင့် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကဏန်းမွေးမြူရေးဇုန်ရှိ ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက် (Crabs World Manufacturing Co., Ltd.) အစည်းအဝေးခန်းမ၌ ကဏန်း၊ ပုစွန် စီးပွားဖြစ်လုပ်ကိုင်နေသော လုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ် သမဝါယမဦးစီးဌာနတို့မှ

စာမျက်နှာ ၇ ကော်လံ ၁ ❐

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်)

ငြိမ်းချမ်းရေး ချိုးကူသံများကြားရပြီ

မြန်မာနိုင်ငံတွင် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက် တိုင်းရင်းသားအချင်းချင်း အထင်မှား၊ အမြင်မှားပြီး လက်နက်စွဲကိုင်တိုက်ခိုက်မှုများရှိခဲ့ရာ ယခုအခါ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မှုကြောင့် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းသာယာလာတော့မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် ၃၀-၃-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့် မိန့်ခွန်းပါပြောကြားချက်များနှင့်အညီ အခြေခံဥပဒေကို လက်မခံနိုင်သေးသည့် ဥပဒေအတွင်း၊ ဥပဒေပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပေသည်။

ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများအလိုက် နိုင်ငံတော်ဘက်မှ နယ်မြေနှင့် လူထုအကြောင်း ကျွမ်းကျင်နားလည်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများကို ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များအဖြစ် ဖွဲ့စည်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဤသို့တွေ့ဆုံဆွေးနွေးကြရာတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် လွှတ်တော်အဆင့်ဟူ၍ အဆင့်သုံးဆင့်ထားရှိပြီး ဆွေးနွေးသွားရန် စီစဉ်ထားသည်။ ပြည်နယ်အဆင့်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်များအတွက် ကနဦးသဘောတူညီမှုရယူကြသည်။ ပြည်ထောင်စုအဆင့်တွင်မူ နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ရန်ဖြစ်သည်။

ပြည်ထောင်စုအဆင့်တွင် တစ်ဖွဲ့ချင်းတွေ့ဆုံညှိနှိုင်းသဘောတူညီမှုများရရှိပြီးပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံကို လွှတ်တော်၌ ဖိတ်ကြား၍ ဘုံသဘောတူညီချက်ရရှိအောင် ဆွေးနွေးကြမည်ဖြစ်သည်။ လိုအပ်ပါက အခြေခံဥပဒေကို ပြင်ဆင်ပေးမည်။ နောက်ဆုံးတွင် ထာဝရငြိမ်းချမ်းရေးအတွက် ပြီးပြည့်စုံသော အဆုံးသတ်သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စုလွှတ်တော်အတွင်း၌ တရားဝင်ချုပ်ဆိုကြမည်ဖြစ်သည်။ အဆိုပါအချက်များကို အခြေခံလျက် ဇန်နဝါရီ ၁၂ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်ပြည်နယ် အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့၏ ပဏာမ သဘောတူညီလက်မှတ်ရေးထိုးပွဲ ကျင်းပခဲ့သည်။ ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် ပဏာမသဘောတူညီချက် (၁၁)ချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တစ်ချိန်က လက်နက်ကိုင်တိုက်ခိုက်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်ဆင့်ပြီးတစ်ဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ချုပ်ဆိုလာနိုင်ခဲ့ကြပြီဖြစ်သည်။ ဤသို့ငြိမ်းချမ်းရေးသဘောတူညီချက်များ ချုပ်ဆိုနိုင်ခြင်းကပင် ထာဝရငြိမ်းချမ်းရေးအတွက် ချိုးကူသံများဟု ဆိုလိုက်ချင်ပါတော့သည်။ ။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ငဖြူလေးကျေးရွာ အထက(ခွဲ)၌ ဇန်နဝါရီ ၁၁ ရက်က မူခင်းကျဆင်းရေးဟောပြောပွဲ အခမ်းအနားကျင်းပရာ ဒုတိယရဲမှူးသိန်းနိုင် ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

ရေဝတီယူနိုက်တက် အဆင့်မြင့်ဆေးရုံဆောက်လုပ်ရေး ပန္နက်တင်အခမ်းအနား ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၄

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် ဘူတာလမ်းအနီးရှိ ရေဝတီယူနိုက်တက်အဆင့်မြင့်ဆေးရုံဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရေဝတီယူနိုက်တက် FC နာယက ဦးစိုးဟန်လင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရေဝတီယူနိုက်တက် FC ဥက္ကဋ္ဌ ဦးရန်ဝင်းက အဆင့်မြင့်ခုတင်(၁၀၀)ဆံ့အထူးကုဆေးရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏မြို့တော် ပုသိမ်မြို့တွင် အဆင့်မြင့်အထူးကုဆေးရုံကြီး တည်ဆောက်နိုင်တော့မည်ဖြစ်၍ ဝမ်းသာဂုဏ်ယူပါကြောင်းပြောကြားပြီး မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရတနာပန္နက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးရှိ မင်္ဂလာပန္နက်များကိုလည်းကောင်း ပန္နက်တင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးသွင်းချိန်ကာလ တိုးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၄

ယခုစိုက်ပျိုးရာသီကာလတွင် စပါးအပါအဝင် စိုက်ပျိုးသီးနှံများ ဈေးကွက်၏ ဝယ်လိုအားနှင့် ဈေးနှုန်းအနည်းငယ်ကျဆင်းနေမှုအခြေအနေများအပေါ် စိုက်ပျိုးသူ တောင်သူလယ်သမားများ အခက်အခဲမတွေ့စေရန် ၂၀၁၁ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးငွေများကို မူလသတ်မှတ်ထားသည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကုန် အပြီးပေးသွင်းရမည့်အစား မတ် ၃၁ ရက်အထိ ပြန်လည်ပေးသွင်းချိန်ကာလ တိုးမြှင့်ခွင့်ပြုပေးရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကွင်းဆင်းဆွေးနွေး

ဇန်းမော် ဇန်နဝါရီ ၁၄

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဇန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်က ညောင်ပင်ရပ် မြစန္ဒာစာကြည့်တိုက်၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်က မြို့မရပ် ပျိုးခင်းအားမာန်စာကြည့်တိုက်၌ လည်းကောင်း ကွင်းဆင်းဆွေးနွေးခဲ့ပြီး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံပညာအလယ်တန်းကျောင်း မာန်အောင်မြို့နယ် အိုးဝကျေးရွာ၌ ဖွင့်

မာန်အောင် ဇန်နဝါရီ ၁၄

မာန်အောင်မြို့နယ် အိုးဝကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမော်နှင့် မြို့နယ်ပညာရေးမှူး ဦးအေးသောင်းတို့က ကျောင်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း (အိုးဝ) ဆိုင်းဘုတ်အား ကျောင်းသား ကျောင်းသူများက ကြိုးဆွဲဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမော်နှင့် မြို့နယ်ပညာရေးမှူး ဦးအေးသောင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အိုးဝကျေးရွာ အလယ်တန်းကျောင်းအုပ်ကြီး ဦးငွေလာအောင်က ကျေးဇူးတင်စကားပြောကြားပြီးနောက် တက်ရောက်လာသူများက အလှူငွေများ ပေးအပ်ကြကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပုံကျဈေးသည်များအား ချေးငွေထုတ်ချေး

နတ်တလင်း ဇန်နဝါရီ ၁၄

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအဖြစ် ပုံကျဈေးသည်များအား ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က နတ်တလင်းမြို့ ရွှေလင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်တို့ တက်ရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးတင်မော်သန်းက ချေးငွေထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် ပုံကျဈေးသည် ၈၀ အား ချေးငွေကျပ် သိန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပေးအပ်လှူဒါန်း

မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးတွင် အသက်ဆုံးရှုံးခဲ့ရသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအတွက် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျန်ရစ်သူ မိသားစုအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် မြို့နယ်ဥက္ကဋ္ဌ ဒေါ်သီသီရှိန်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၈ ရက်က ပေးအပ်လှူဒါန်းစဉ်။ (၀၄၄)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

ကျောင်းကုန်း ဇန်နဝါရီ ၁၄

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာစိုးသိမ်းက သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁၅-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ ဇာတ်လမ်းတို
- ၈:၂၅ ၁၄။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၁၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၁:၂၀ ၇။ ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ** (အပိုင်း-၂၂)
- ၁၁:၅၀ ၈။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ယောကျ်ားတစ်ယောက်ရဲ့ မျက်ရည်**
- ၁၂:၄၀ ၉။ ကျန်းမာသုတ
- ၁၂:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၁၃:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၅၁)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၃၅ ၉။ ကြက်ခြေနီ
- ၄:၄၀ ၁၀။ **မွန်မြတ်သူတို့နှလုံးသား** (ဇာတ်လမ်းတို)
- ၄:၅၀ ၁၁။ ရန်သူမီး
- ၅:၀၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၆။ ဘဝကြေးမုံ **သုံးပန်လှသက်လှယ်-၂** ပိုင်ဇေရဲထွန်း၊ လင်းဇာနည်ဇော်၊ ဝါဝါအောင်နှင့်သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (IC)]
- ၆:၅၀ ၁၇။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ** (အပိုင်း-၄၁)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၄။ ပဟေဠိနန်းတော်
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ** (အပိုင်း-၆)
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း -၁၁၃)

15-1 (02).pmd 1 1/15/2012, 3:20 AM

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း အင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ် အလှူရှင်များအား အင်ဂျင်နီယာအသင်း ဂုဏ်ပြုလွှာများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ခေတ်မီနိုင်ငံ တစ်နိုင်ငံဖြစ်ရန်အတွက် အင်ဂျင်နီယာကဏ္ဍသည် အရေးကြီးကြောင်း၊ ဆုရရှိသူများအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်နှင့် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်မှ ကော်မရှင်နာ MR. CHOO KOK BENG တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ကော်မရှင်နာ MR. CHOO KOK BENG က AFEO Honorary Fellowship ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ကိုယ်စား သန်လျင်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်အား လည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးကျော်စွာခိုင် ကိုယ်စား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွန်းအောင်အားလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကိုယ်စား ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းအား လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ကိုယ်စား မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်အားလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင်အား လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MR. CHOO KOK BENG က AFEO Honorary Membership ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အကျိုးဆောင်စာရင်းစစ် ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဆယ်၊ စွမ်းအင်ဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမြင့်ဌေးနှင့် စွမ်းအင်ဝန်ကြီးဌာန အင်ဂျင်နီယာလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို လည်းကောင်း၊ ASEAN Outstanding Engineering Achievement Award ဆုတံဆိပ်ရရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာ-ရန်ကုန် ပြည်တွင်းသုံး ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ကိုယ်စား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း) ဦးထွန်းကြွယ်အား ဆုတံဆိပ်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ကော်မရှင်နာအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအတွက် အလှူရှင်များဖြစ်ကြသော ဦးကိုကိုထွေး (ဥက္ကဋ္ဌ၊ တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်သိန်း ၄၀၀၊ ဦးဖြိုးကိုကိုတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေး ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၅၀၊ ဦးတင်လတ် (Executive Director၊ ချင်းတွင်းကောလိပ်) က ငွေကျပ် ၁၁၀၇၅၀၀၀ နှင့် ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး (မန်နေဂျင်းဒါရိုက်တာ၊ Youth Force Co.,Ltd.) က ငွေကျပ် ၁၀၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ငွေကျပ်သိန်း ၁၁၀၊ ဦးသန်းမြင့် (Past President၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း) က ငွေကျပ် ၅၈၁၇၅၀၀ နှင့် ဦးဝင်းခိုင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)က ငွေကျပ် ၅၄၆၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် အလှူရှင်များက အလှူငွေများပေးအပ်ကြရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် မိသားစု၏ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ၂၀၁၂ ခုနှစ် ရန်ပုံငွေအတွက် လှူဒါန်းငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဝင်းမောင်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူး၍ Young Engineer က ဦးစီးကာ လှိုင်တက္ကသိုလ်နယ်မြေ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂) ဝင်းအတွင်း အင်ဂျင်နီယာဆိုင်ရာ ထုတ်ကုန်ပြပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ Kochi Prefectural Makino Botanical Garden & Museum နှင့် Kochi University တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဥက္ကဋ္ဌ Prof. Dr. Tetsuo Koyama နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ဆေးဖက်ဝင်အပင်များနှင့် ချင်းပြည်နယ် နတ်မတောင်တွင် ပေါက်ရောက်သည့် မြန်မာ့ဂျင်ဆင်းနှင့်စပ်လျဉ်းသည်များ၊ သစ်တောသုတေသနဆိုင်ရာနှင့် ပညာတော်သင်စေလွှတ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁၅-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	**အင်္ဂုဇယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀	၇။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၂၀	၈။	အကပြိုင်ပွဲ
၈:၃၀	၉။	**အသက်ကလေးရယ်တဲ့ ရှည်စေလို**
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၈:၅၅	၁၁။	International News

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ဂျောင်ဝွန်း** (အပိုင်း-၄၁)
၁၂:၃၀	၅။	မြန်မာရုပ်ရှင် **ချစ်ခြင်းဖွဲ့မေတ္တာ** ဒွေး၊ မင်းသူ၊ မင်းထက်ကျော်ဇင်၊ တင့်တင့်ထွန်း၊အိန္ဒြာကျော်ဇင်။ မြတ်ကေသီအောင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၄:၂၀	၆။	အတီးပြိုင်ပွဲ
၁၄:၃၅	၇။	တောင်သူဘဝ ဆတိုး အကျိုးခံစား စပ်မျိုးစပါး (အပိုင်း-၂)
၁၄:၅၀	၈။	International News

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၅	၃။	တက္ကစီမီတာသင်လိုရာ
၄:၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅	၇။	အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ (အပိုင်း-၂) (ပန်းချီ ကျော်သျှင်နောင်၊သရုပ်ဆောင်-အိချောပို)
၅:၂၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၉။	နာဂရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၈:၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၃)
	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ** (အပိုင်း-၆)

ဆုချီးမြှင့်

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က သဃ်န်းကျွန်းမြို့နယ် (ခ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က မြို့နယ် တစ်ပတ်တာဝေးအပြေးပြိုင်ပွဲ ပထမဆုရသူအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

တစ်ပြည်လုံးတွင် ညအပူချိန်များ လျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၈ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာသတင်းများ

စစ်အတွင်း ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများအတွက် သီရိလင်္ကာ၌ လူနေအိမ် ၄၉၀၀၀ ပြန်လည်တည်ဆောက်ပေးမည်

ကိုလံဘို ဇန်နဝါရီ ၁၄

စစ်ဖြစ်ပွားသဖြင့် အထိနာခဲ့သော သီရိလင်္ကာမြောက်ပိုင်းနှင့်အရှေ့ပိုင်းပြည်နယ်များတွင် စစ်ဘေးကြောင့် ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများအတွက် သီရိလင်္ကာအစိုးရက နေအိမ် ၄၉၀၀၀ ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ရမ်ဘူဝဲလားက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

အိန္ဒိယအကူအညီဖြင့် ယင်းပြည်နယ်များတွင် လူနေအိမ်များ ပြန်လည်တည်ဆောက်ရေးနှင့် နေအိမ်ပြုပြင်ရေးတို့အတွက် သီရိလင်္ကာအစိုးရနှင့်အိန္ဒိယအစိုးရတို့ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူ ရမ်ဘူဝဲလားက ပြောကြားသည်။

အိန္ဒိယနှင့်သီရိလင်္ကာအစိုးရတို့အကြား ယင်းသို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် သီရိလင်္ကာသမ္မတ မဟိန္ဒရာရာဂျာပက်ဆာက အဆိုပြုခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ဆိုမာလီပင်လယ်ဓားပြများ ဗြိတိန်ရေတပ်ဖမ်းဆီးနိုင်ခဲ့

လန်ဒန် ဇန်နဝါရီ ၁၄

ဆိုမာလီပင်လယ်ဓားပြ ၁၃ ဦးအား အိန္ဒိယသမုဒ္ဒရာအတွင်း တော်ဝင်ရေတပ်က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

အိန္ဒိယသမုဒ္ဒရာအတွင်း သွားလာနေသော ပင်လယ်ဓားပြစက်လှေကို တော်ဝင်ရေတပ်ရဟတ်ယာဉ်က သတိပေးတပ်လှန့်ပစ်ခတ်ရာ ထိုစက်လှေမှာ ရပ်တန့်ခြင်းမရှိ မောင်းပြေးခဲ့သဖြင့် တော်ဝင်ရေတပ် RFA စစ်သင်္ဘောနှင့် အမေရိကန်ရေတပ် စစ်သင်္ဘောတစ်စင်းတို့က လိုက်လံပစ်ခတ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လက်ရဖမ်းဆီး

တော်ဝင်ရေတပ်မှ စပိဒ်ဘုတ်များ စေလွှတ်ကာ ပင်လယ်ဓားပြတို့၏ စက်လှေကို ဝိုင်းရံပိတ်ဆို့ပြီး စီးနင်းခဲ့ခြင်းဖြစ်သည်။ ထိုစက်လှေပေါ် စီးနင်းခဲ့ပြီးနောက် လှေပေါ်ရှိ ပင်လယ်ဓားပြ ၁၃ ဦးကို လက်နက်ကြီးငယ်များနှင့်အတူ လက်ရဖမ်းဆီးနိုင်ခဲ့သည်။

နေတိုးတပ်ပေါင်းစုအဖွဲ့ဝင် ဗြိတိန်တပ်ဖွဲ့၏ ဂုဏ်ယူဖွယ် အောင်မြင်မှုဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီး ဖိလစ်ဟမ်းမန့်က ချီးကျူးစကားပြောကြားသည်။

"ကမ္ဘာ့ကုန်သွယ်ရေးအခရာဖြစ်တဲ့ နိုင်ငံတကာပင်လယ်လမ်းကြောင်းများ လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့မှာ တော်ဝင်ရေတပ်က အရေးပါတဲ့ အခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်"ဟု ဝန်ကြီးဖိလစ်က ပြောကြားခဲ့သည်။ ယခုအိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ဓားပြများအား ဖမ်းဆီးနိုင်ခဲ့သည့် စစ်ဆင်ရေးကို ဇန်နဝါရီ ၁၃ ရက် အစောပိုင်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံအလယ်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ဘက် ဘာဘီပြည်နယ်တွင် ဇန်နဝါရီ ၁၂ ရက်က ဗုံးခွဲတိုက်ခိုက်မှုများတွင် ရှိုးယိုက် နှစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။ (ဝဲပုံ)

ဗုံးခွဲတိုက်ခိုက်

ပြည်နယ်မြို့တော် ဟီလာမြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ လက်တီမီယာမြို့ လမ်းမကြီးပေါ် ဗုံးခွဲတိုက်ခိုက်မှုတွင် ရှိုးယိုက်တစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရခဲ့သည်။ ထိုနေ့ စောစောပိုင်းကလည်း ဟီလာမြို့ မြောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာ အစ္စတန်ဒါရီယာမြို့အနီး အဝေးပြေးလမ်းမတွင် ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ရှိုးယိုက်လေးဦး ဒဏ်ရာရခဲ့သည်။

ထို့အပြင် ဟီလာမြို့တောင်ဘက် ကီလိုမီတာ ၃၀အကွာ အယ်ကေဖီမြို့အတွင်း ကားဗုံးပေါက်ကွဲမှုကြောင့် ရှိုးယိုက်တစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

စကြဝဠာ၏ ရှေးအကျဆုံးအလင်းတန်း ပလန့်စ်တယ်လီစကုပ်မှ ပုံရိပ်ထုတ်ပြန်



မက်ဒရစ် ဇန်နဝါရီ ၁၄

ဥရောပ အာကာသအေဂျင်စီ (အီဆာ)မှ အာကာသသို့ လွှတ်တင်ထားသော ပလန့်စ်အာကာသလေ့လာရေးတယ်လီစကုပ် **(ယာပုံ)** မှ နေ၍ စကြဝဠာ၏ ရှေးအကျဆုံးအလင်းရောင်တန်းတစ်ခု၏ ပုံရိပ်ကို ပထမဆုံးအကြိမ်အဖြစ် မြေပြင်စခန်းသို့ ပြန်လည်ပေးပို့လိုက်ကြောင်း အီဆာမှ ဇန်နဝါရီ ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

အလင်းတန်းသည် အာကာသအတွင်း ဖြတ်သန်းဖြစ်ပေါ်နေပြီး အအေးဓာတ် လွန်ကဲစွာဖြစ်တည်နေကြောင်း၊ ဟိုက်ဒရိုဂျင်အက်တမ်များ ပါဝင်ဖွဲ့စည်းနေမှုကိုလည်းတွေ့ရကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။ ၄င်းအလင်းတန်းကို အမေရိကန်ဂြိုဟ်တုနှစ်လုံးက ဓာတ်ပုံရယူထုတ်ပြန်နိုင်ခဲ့သော်လည်း အီဆာ၏ ပလန့်စ်အာကာသ လေ့လာရေးတယ်လီစကုပ်မှ ရယူထုတ်ပြန်သောပုံရိပ်က ပိုမိုအသေးစိတ်ကျပြီး ရှင်းလင်းပြတ်သားသည်။

ပလန့်စ်အာကာသလေ့လာရေးတယ်လီစကုပ်ကို ဥရောပအာကာသအေဂျင်စီက ၂၀၀၉ခုနှစ် မေ ၁၄ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းတယ်လီစကုပ်သည် အာကာသ၌လွင့်မျောကာ အာကာသအတွင်း အရေးကြီးသော အချက်အလက်နှင့် ပုံရိပ်များကိုရယူပေးလျက်ရှိသည်။ ၄င်းတယ်လီစကုပ်သည် ကမ္ဘာမြေမှ ကီလိုမီတာ ၁ ဒသမ ၅ သန်း အကွာရှိ အာကာသအတွင်းလွင့်မျောကာ မှတ်တမ်းတင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာ့အပါးလွှာဆုံးလက်ကိုင်ဖုန်းထုတ်လုပ်

လက်စ်ဗီးဂတ်စ် ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံမှ ဟွာဝေအမည်ရှိ ဆက်သွယ်ရေးကုမ္ပဏီတစ်ခုက ကမ္ဘာပေါ်၌ အပါးလွှာဆုံးလက်ကိုင်ဖုန်းတစ်လုံးကိုအမေရိကန်နှင့် ဥရောပနိုင်ငံများအတွက် ထုတ်လုပ်လိုက်ကြောင်း ဇန်နဝါရီ ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

အက်စ်ဆင့် P1Sဟုအမည်ပေးထားသော အဆိုပါလက်ကိုင်ဖုန်း၏ အထူမှာ ၀ ဒသမ ၂၆ လက်မ (၆ ဒသမ၆၈ မီလီမီတာ)ခန့်သာရှိသည်။ ၎င်းလက်ကိုင်ဖုန်းသည် အဲပဲလ်ကုမ္ပဏီမှ နောက်ဆုံးထုတ်လုပ်လိုက်သော အထူ ၀ ဒသမ ၃၇ လက် (၉ ဒသမ ၃ မီလီမီတာ)ရှိသော 4S လက်ကိုင်ဖုန်းထက်ပိုမိုပါးလွှာသည်။

"အက်စ်ဆင့် P1S လက်ကိုင်ဖုန်းဟာ ကမ္ဘာပေါ်မှာအပါးလွှာဆုံး လက်ကိုင်ဖုန်းဖြစ်ပေမယ့် စွမ်းဆောင်မှုအမြင့်မားဆုံး ပေးစွမ်းနိုင်ပါတယ်"ဟု ဟွာဝေကုမ္ပဏီအကြီးအကဲ ရစ်ချပ်လူက ပြောကြားသည်။ ယင်းလက်ကိုင်ဖုန်းတွင် ဂူဂဲလ် နည်းပညာကုမ္ပဏီမှ နောက်ဆုံးမျိုးဆက်သစ် နည်းပညာများအသုံးပြုထားသည့် အင်ဒရွိုက်ဆော့ဖ်ဝဲလ်ကို ထည့်သွင်းထားသည်။ ယင်းလက်ကိုင်ဖုန်း တွင် ၄ ဒသမ ၃ လက်မပတ်လည်အကျယ်ရှိသော ဖန်သားပြင်ပါရှိပြီး ဗီဒီယိုကင်မရာလည်း ပါဝင်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အီတလီ၌ အပျော်စီးသင်္ဘောကြီးသောင်တင် ခရီးသည် ၄၀၀၀ ခန့်ကို ကယ်ဆယ်ခဲ့ရ

ရောမ ဇန်နဝါရီ ၁၄

အီတလီနိုင်ငံကမ်းလွန် ဂစ်လီရိုကျွန်းအနီးတွင် ခရီးသည်နှင့်သင်္ဘောဝန်ထမ်း၄၀၀၀ကျော် တင်ဆောင်မောင်းနှင်လာသော အပျော်စီးသင်္ဘောကြီးတင်စင်း ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက သောင်ခုံတစ်ခုနှင့် တိုက်မိပြီး သောင်တင်ခဲ့ရာမှ ခရီးသည်ခြောက်ဦး သေဆုံးခဲ့ကြောင်း အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ဇန်နဝါရီ ၁၄ ရက်၌ ပြောကြားသည်။ကော်စတာကွန်ကော်ဒီရာအမည်ရှိ ပေ ၉၅၀ ရှည်သော ၎င်းအပျော်စီး သင်္ဘောကြီးသည် ဇန်နဝါရီ ၁၃ ရက် နံနက်က အီတလီနိုင်ငံ ရောမမြို့အနီး စီဗီတာဗက်ချီရာဆိပ်ကမ်းမှ စတင်ထွက်ခွာလာပြီးနောက် ယင်းနေ့ မွန်းလွဲပိုင်းတွင် သောင်တင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့သောင်တင်ခဲ့မှုကြောင့် သင်္ဘောကြီး၏ကိုယ်ထည်မှာ ၂၀ ဒီဂရီ ခန့် တိမ်းစောင်းခဲ့သည်။ ခရီးသည်များက ၎င်းသင်္ဘောကြီးပေါ်မှခုန်ချကာ အရေးပေါ် အသက်ကယ်လှေများဖြင့် ဘေးကင်းရာ လှော်ခတ်ခဲ့ပြီး အချို့ခရီးသည်များမှာ ကမ်းခြေသို့ ရေကူး၍ လွတ်မြောက်ရန်ကြိုးစားကြရာမှ သေဆုံးခဲ့ကြခြင်းဖြစ်သည်။

ကယ်ဆယ်နိုင်ခဲ့

အဆိုပါ အပျော်စီးသင်္ဘောကြီး သောင်တင်မှု အကြောင်းကြားချက်ကြောင့် ကယ်ဆယ်ရေးရဟတ်ယာဉ် တစ်စင်းဖြင့် ခရီးသည် ၅၀ ခန့်ကို အရေးပေါ် ကယ်ဆယ်နိုင်ခဲ့သည်။

ထိုသို့ ခရီးသည်များကို ကယ်ဆယ်ပြီးနောက် သင်္ဘောမှာ ပိုမိုတိမ်းစောင်းကာ ပုံပါအတိုင်း နစ်မြုပ်လုနီးပါးဖြစ်သွားခဲ့သည်။ **(ဝဲပုံ)**

၎င်းသင်္ဘောကြီးပေါ်တွင် ဂျာမန်နိုင်ငံသား ခရီးသည် ၅၀၀ ကျော်၊ ပြင်သစ်ခရီးသည် ၁၆၀ ကျော် အပါအဝင် အီတလီခရီးသည်၊ ဗြိတိန်နိုင်ငံသားခရီးသည်များ လိုက်ပါလာကြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၄-၁-၂၀၁၂

>> တင်မောင်လွင် - စုစည်းသည် <<

ငါးမန်းဖြူကြီးတစ်ကောင် တွေ့ရှိမှုကြောင့် တောင်အာဖရိကအရှေ့ ကမ်းရိုးတန်းနေသူများအား သတိပေး

တောင်အာဖရိကနိုင်ငံ ကိတ်ပ်တောင်းမြို့ အရှေ့ပိုင်းရှိ အက်စ်တီဖရန်စစ်ဘေး ကမ်းရိုးတန်းတစ်လျှောက်တွင် အလွန်ကြီးမားသည့် ငါးမန်းဖြူကြီးတစ်ကောင် မြင်တွေ့ခဲ့မှုကြောင့် ကမ်းရိုးတန်းနေလူများအား သတိပေးချက်များထုတ်ပြန်ထားကြောင်း အမျိုးသားပင်လယ်ကယ်ဆယ်ရေးအဖွဲ့က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါ ငါးမန်းဖြူကြီးသည် အရှည် ငါးမီတာရှိပြီး ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ကမ်းရိုးတန်းတစ်လျှောက်တွင် လှည့်လည်သွားနေဟန်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ခရင်းလန်ဘီနွန်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ ဒေသတွင်းအာဏာပိုင်များက အဆိုပါငါးမန်းကြီးကို ဖမ်းခွင့်ပြုထားကြောင်း၊ ယင်းငါးမန်းကြောင့် နောင်တွင် ကမ်းခြေ၌ ငါးမန်းဖြူများထပ်မံတိုးလာနိုင်ကြောင်း ဘီနွန်က ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအလယ်ပိုင်းမှ လက်နက် ၇၉ လက် သိမ်းဆည်းရမိ

ရုရှားရဲတပ်ဖွဲ့သည် နိုင်ငံအလယ်ပိုင်း အိုင်ဟီဗတ်မြို့ရှိ ပုဂ္ဂလိကပိုင် အိမ်ဂေဟာတစ်ခုမှ AKM အပြင်းစားရိုင်ဖယ်သေနတ် ၇၉ လက်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၁၄ ၌ ပြောကြားသည်။ရဲတပ်ဖွဲ့ဝင်များက အဆိုပါလက်နက်များကို လူတစ်ဦး၏ နေအိမ်အတွင်းမှတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အိမ်ပိုင်ရှင်က ယင်းလက်နက်ဝယ်ယူခဲ့မှုကို သတိမပြုမိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ အသက် ၅၇ နှစ်အရွယ်ရှိ အိမ်ပိုင်ရှင်သည် ထင်းမီးသွေးထည့်ရန် အနီးအနားရှိ တပ်ဖွဲ့ထံမှ သစ်သားသေတ္တာ ၆၄ လုံး ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟုရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းနေရာရှိ သေတ္တာများအတွင်းမှ လက်နက်များနှင့် ခဲယမ်းပစ္စည်း ၂၅၃ မျိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါသေတ္တာများကို အိုင်ဟီဗတ်မြို့လက်နက်စက်ရုံမှ အလုပ်သမားတစ်ဦးက ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အကြမ်းဖက်မှု ဖြစ်ပွား

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသည့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးမှာ ဇန်နဝါရီ ၁၃ ရက်၌ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကကြေညာသည်။ ခိုင်ဘာလူမျိုးစုဒေသနှင့် ပြည်နယ်မြို့တော်ပက်ရှ်ဝါအကြား လုံခြုံရေးကင်းစခန်းတစ်ခုကို ဇန်နဝါရီ ၁၂ ရက်ညက ရာပေါင်းများစွာသော အကြမ်းဖက်သမားများတိုက်ခိုက်မှုကြောင့် အနည်းဆုံး လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားသုံးဦးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ချက်ဖြင့် သေဆုံးကြောင်း ပါကစ္စတန်မီဒီယာများက ရေးသားသည်။

တိုက်ပွဲအတွင်း အကြမ်းဖက်သမားများက ဒုံးပစ်လောင်ချာ (အာရ်ပီဂျီ)များ၊ မောင်းပြန်သေနတ်များ အသုံးပြုတိုက်ခိုက်သည်ဟုဆို၏။

အမေရိကန်နိုင်ငံ အလာစကာတွင် ဆီးနှင်းများကျဆင်း

ယခုနှစ်ဆောင်းရာသီ အမေရိကန်နိုင်ငံ အလာစကာပြည်နယ်တွင် ဇန်နဝါရီ ၁၂ ရက်က နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော ဆီးနှင်းများ ထုထပ်စွာကျဆင်းမှုကြောင့် ယင်းဒေသရှိလူများမှာ နေအိမ်ပြတင်းပေါက်များ၏ အပြင်ဘက်ကို မမြင်ခဲ့ရကြောင်း ဇန်နဝါရီ ၁၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အလာစကာပြည်နယ်တွင် ဇန်နဝါရီ ၁၂ ရက်က ဆီးနှင်းများကျဆင်းမှုမှာ အမြင့် ၂ ဒသမ ၂၅ မီတာအထိရှိခဲ့ပြီး ပုံမှန်ထက် နှစ်ဆကျော် ကျဆင်းခဲ့သည်။ ယခုနှစ်၏ နှင်းကျဆင်းမှုမှာ ၁၉၉၃-၁၉၉၄ ခုနှစ်ကထက် စံချိန်ချိုးနိုင်ခဲ့သည်။ အလာစကာတွင် ၁၉၅၄-၁၉၅၅ ခုနှစ်က ကျဆင်းသည့် ၃ ဒသမ ၄ မီတာ၏ စံချိန်ကို ကျော်သွားနိုင်ကြောင်း ယင်းသတင်းတွင် ထပ်မံဖော်ပြသည်။ ဇန်နဝါရီ ၁၂ ရက်က အဆိုပါဒေသရှိ စာသင်ကျောင်းများဖွင့်ထားခဲ့သော်လည်း စာသင်ကျောင်းအချို့တွင် ဘတ်စ်ကားသွားရာလမ်းများ၌ ဆီးနှင်းများ ဖုံးလွှမ်းနေမှုကြောင့် ပိတ်ထားခဲ့ရသည်ဟု ဆိုသည်။ (အင်တာနက်)

➤ ➤ မောင်ချစ်ကြည် - စုစည်းသည် ≺ ≺

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျိုဟာန်ဆင်၏ ဘဝကောက်ကြောင်း

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄

ဟောလိဝုဒ်ရုပ်ရှင်လောကမှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်မှုရရှိနေတဲ့ ရုပ်ရှင်မင်းသမီးကတော့ စကားလက် ဂျိုဟာန်ဆင်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံတစ်ဝန်းမှာ လက်ရှိရုံတင်ပြသနေတဲ့ Wretches and Jabberers ဇာတ်ကားမှာ ပရိသတ်တွေတစ်ခဲနက် အားပေးခြင်းခံနေရတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးလည်းဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိပေမယ့် သရုပ်ဆောင်သာမက အဆိုတော်နဲ့ မော်ဒယ်တစ်ဦးလည်းဖြစ်တာမို့ ဟောလိဝုဒ်မှာတော့ ထင်ပေါ်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသမီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၃ ရက်မှာ ရိုက်ကူးပြီးစီးခဲ့တဲ့ We Bought a Zoo ရုပ်ရှင်ကားလည်း မကြာမီမှာ ရုံတင်ပြသတော့မှာဖြစ်ပါတယ်။



*ရုပ်ရှင်မင်းသမီးဂျိုဟာန်ဆင်ဟာ ၂၀၁၀ ခုနှစ် မေလကရုံတင်ပြသခဲ့တဲ့ Iron Man -2 ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မှုတွေဟာ ပြောင်မြောက်လွန်းတာမို့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ နှစ်သက်အားပေးမှုတစ်ခဲနက်ခံခဲ့ရသူလည်း ဖြစ်ပါတယ်။ **(ဝဲပုံ)***

ဒါ့အပြင် ပြီးခဲ့တဲ့ စက်တင်ဘာ ၉ ရက်က ရုံတင်ပြသခဲ့တဲ့ The Whale ဇာတ်ကားကိုလည်း ပရိသတ်တွေ နှစ်ခြိုက်ခဲ့တာမို့ ဂျိုဟာန်ဆင်ဟာ ဟောလိဝုဒ်မှာတော့ ပရိသတ်အချစ်တော်တစ်ဦးဖြစ်နေပါတယ်။

ရုပ်ရှင်မင်းသမီးဂျိုဟာန်ဆင်ဟာ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀ ထဲမှာ အဆင့် ၁၂ နေရာမှာ ရှိနေသူအဖြစ် ဖော်ပြသတ်မှတ်ခြင်း ခံထားရသူဖြစ်ပါတယ်။ တေးဂီတအယ်လ်ဘမ်တွေလည်း ထုတ်ခဲ့သူဖြစ်ပြီး ကိုယ်တိုင်သီဆိုသရုပ်ဆောင်ထားတဲ့ တေးဂီတဗီဒီယိုတွေလည်း အများကြီးရိုက်ကူးခဲ့ပါတယ်။

ရုပ်ရှင်မင်းသမီးဂျိုဟာန်ဆင်ဟာ ၂၀၀၇ ခုနှစ်မှာ ကနေဒါရုပ်ရှင်မင်းသား ရေးနိုးလ်နှင့်ချစ်ကြိုက်ခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှာ လက်ထပ်ခဲ့ပါတယ်။ လက်ထပ်ပြီးတဲ့အခါ လော့စ်အိန်ဂျလိစ်မြို့အနီးရှိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းတန်တဲ့ အိမ်ကိုဝယ်ယူပြီး နေထိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှာတော့ သူတို့ဇနီးမောင်နှံဟာ ကွာရှင်းပြတ်စဲခဲ့ကြပါတယ်။

တေးအယ်လ်ဘမ်နောက်ဆုံးထွက်ရှိခဲ့တာကတော့ ၂၀၀၉ ခုနှစ် စက်တင်ဘာလကဖြစ်ပြီး Break Up အမည်ရှိတဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ဂျိုဟာန်ဆင် အောင်မြင်မှုအရဆုံးရုပ်ရှင်ကားတွေကတော့ ၂၀၀၆ ခုနှစ်က ပြသခဲ့တဲ့ The Prestige ဇာတ်ကားနဲ့ ၂၀၁၀ ခုနှစ်က ပြသခဲ့တဲ့ Iron Man-2 ဇာတ်ကားတွေပဲဖြစ်ပါတယ်။

အခုအချိန်မှာတော့ ရုပ်ရှင်မင်းသမီးဂျိုဟာန်ဆင်ဟာ ယောကျာ်းလေးမိတ်ဆွေမထားဘဲ တစ်ဦးတည်း အနုပညာအလုပ်တွေကို လုပ်ကိုင်နေတဲ့သူဖြစ်ပါကြောင်း။ **(အင်တာနက်)**

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် ဇာတ်ကားသစ်ရိုက်ကူးမည်

လန်ဒန် ဇန်နဝါရီ ၁၄

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်သည် ဒါရိုက်တာ ကင်နက်ဘရန်နက် ရိုက်ကူးမည့် The Guernsey Literary and Potato Peel Pie Society ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်သည် ဒါရိုက်တာ ဘရန်နက်နှင့် ၁၉၉၆ ခုနှစ် က Hamlet ရုပ်ရှင်ကားရိုက်ကူးခဲ့ပြီးနောက် ယခုဇာတ်ကား၌ အတူတကွပြန်လည်ဆုံတွေ့ကာ ဇာတ်ကားရိုက်ကူးခြင်းဖြစ်သည်။ Hamlet ဇာတ်ကားသည် အကယ်ဒမီဆုလေးဆုအထိ နာမည်စာရင်းတင်သွင်းခံခဲ့ရသည့်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဘရန်နက်လည်း ယင်းဇာတ်ကားဖြင့် နာမည်ကျော်ခဲ့သည်။

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် **(ယာပုံ)**ယခုရိုက်ကူးမည့်ဇာတ်ကားသည် စာရေးဆရာမ မေရီအန်းရှဖာ၏ ၂၀၀၈ ခုနှစ်က အရောင်းရဆုံးစာအုပ်ကို အခြေခံဇာတ်လမ်းပြုကာ ဇာတ်အိမ်ဖွဲ့ထားသည့် ရုပ်ရှင်ကားဖြစ်သည်။ ၎င်းစာရေးဆရာမ မေရီအန်းရှဖာမှာ အသက် ၇၄နှစ်အရွယ်ရှိပြီး မကြာမီက ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**



ရုပ်ရှင်မင်းသား ဂျာမိန်းဘီလ်နှင့် ရုပ်ရှင်မင်းသမီး အီဗင်တို့ စေ့စပ်ပြီ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အီဗင်ရေချယ်ဝုဒ်သည် ဗြိတိန်ရုပ်ရှင်မင်းသား ဂျာမိန်းဘီလ်နှင့် တရားဝင်စေ့စပ်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။ *(အပေါ်ပုံ)*

ဟောလိဝုဒ်ရှိ ဟိုတယ်ကဖေးတွင် ဂျာမိန်းဘီလ်နှင့် ရုပ်ရှင်မင်းသမီး အီဗင်တို့ အတူယှဉ်တွဲကာ ဓာတ်ပုံရိုက်ခဲ့ကြသည်။ သူတို့နှစ်ဦး၏ လက်ချောင်းများတွင် စေ့စပ်လက်စွပ်အဖြစ် စိန်များစီခြယ်ထားသည့် လက်စွပ်များကိုယ်စီဝတ်ဆင်ထားကြသည်။

ဗြိတိန်ရုပ်ရှင်မင်းသား ဂျာမိန်းဘီလ်နှင့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အီဗင်တို့သည် Wake Me Up When September Ends ဇာတ်ကား၌ အတူသရုပ်ဆောင်ရင်း ချစ်ကြိုက်ခဲ့ကြခြင်းဖြစ်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး အီဗင်၏ဖခင်မှာ သရုပ်ဆောင်၊ အဆိုတော်နှင့် ဒါရိုက်တာဖြစ်သည့် အီရာဒေးဗစ်ဝုဒ်ဖြစ်ပြီး မိခင်ဆာရာလန်းမိုးမှာလည်း သရုပ်ဆောင်နှင့် ဒါရိုက်တာတစ်ဦးဖြစ်သည်။ အစ်ကိုဖြစ်သူ အီရာမှာလည်း သရုပ်ဆောင်တစ်ဦးပင်ဖြစ်သည်။

၎င်းတို့စုံတွဲသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလအစောပိုင်းက တရားဝင် စေ့စပ်ခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

ပရီးမီးယားလိဂ်ပွဲစဉ်(၂၁) ယှဉ်ပြိုင်ရာ မန်ယူတို့ အိုးအကျက်မိုဟ်ဒ်တို့ အောင်ပွဲခံ

လန်ဒန် ဇန်နဝါရီ ၁၄

ပရီမီယာလိဂ် ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူနှင့် ချယ်လ်ဆီးတို့ နိုင်ပွဲများ ကိုယ်စီရရှိခဲ့ကြပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့ကြသည်။

မန်ယူနှင့် ဘော်လ်တန်တို့ပွဲတွင် မန်ယူတိုက်စစ်မှူး ဝဲလ်ဘက်(လယ်)က ဘော်လ်တန်နောက်ခံလူများကို ထိုးဖောက်တိုက်စစ်ဆင်ကာ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

တစ်ဂိုးနစ်နာ

မန်ယူနှင့် ဘော်လ်တန်တို့ပွဲတွင် အိမ်ကွင်း၌ကစားရသော မန်ယူတို့ ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ဘော်လ်တန်အသင်းအား ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၁ မိနစ်၌ မန်ယူတိုက်စစ်မှူး ဝဲလ်ဘက်အား ဘော်လ်တန် ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာကစားမှုကြောင့် ပယ်နယ်တီရရှိခဲ့သည်။ ယင်းပယ်နယ်တီကို ရွန်နေ ကန်သွင်းရာ ဘော်လ်တန်ဂိုးသမား ပုတ်ထုတ်နိုင်ခဲ့သဖြင့် မန်ယူတို့ တစ်ဂိုး နစ်နာခဲ့ရသည်။

ဦးဆောင်နေ

မန်ယူတို့ ဆက်လက်ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပထမပိုင်းပွဲပြီးခါနီး ၄၅ မိနစ်၌ ရွန်နေ ချပေးလိုက်သည့် ဘောလုံးကို ပေါလ်စခိုးကန်သွင်းခဲ့ရာမှ မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ပထမပိုင်း ပွဲချိန်အပြီး မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်း မန်ယူတို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၇၃ မိနစ်၌ ရွန်နေ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဝဲလ်ဘက် ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ ဝဲလ်ဘက်မှာလည်း ဂိုးသွင်းအပြီး ဒဏ်ရာရ၍ ထွက်ခဲ့ရသည်။ ပွဲချိန် ၈၃ မိနစ်၌ ကာရစ်ကဂိုး ဧရိယာအပြင်ဘက်မှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ မန်ယူတို့ ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးမသွင်းနိုင်ခဲ့သဖြင့် သုံးဂိုး ပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ကာကွယ်နိုင်ခဲ့

တစ်ဖန် ချယ်လ်ဆီးနှင့် ဆန်းဒါးလန်းတို့ပွဲတွင် ချယ်လ်ဆီးတို့အိမ်ကွင်း၌ နိုင်ပွဲရအောင် ကြိုးစားခဲ့ရသည်။ ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၃ မိနစ်၌ လမ်းပတ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတိုက်စစ်မှူးများ ဂိုးသွင်းခွင့် (၂၃)ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့်(၁၃)ကြိမ် ရရှိခဲ့သော်လည်း ဆန်းဒါးလန်းဂိုးသမား ဆီမွန် ကာကွယ်နိုင်ခဲ့သဖြင့် ဂိုးထပ်မံမရရှိဘဲ တစ်ဂိုး-ဂိုးမရှိရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

လီဗာပူးနှင့် စတုတ်တို့ပွဲတွင် စတုတ်တို့က မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် အိမ်ကွင်း၌ လီဗာပူးတို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။ လီဗာပူးတို့ ဂိုးသွင်းခွင့် (၁၅)ကြိမ်ခန့် ရရှိခဲ့သော်လည်း အပိုင်ကန်သွင်းခွင့် တစ်ကြိမ်သာ ရရှိခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ပြီး စတုတ်နှင့် တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။

ချေပဂိုး

ထို့အတူ စပါးနှင့် ဝုလ်ဗာဟမ်တန်အသင်းတို့ပွဲတွင် ဝုလ်ဗာဟမ်တန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၂ မိနစ်၌ စတီဗင်ဖလက်ချာက သွင်းယူပေးခဲ့သည်။ အိမ်ရှင်စပါးတို့က ပွဲချိန် ၅၁ မိနစ်၌ လူကာမိုဒရစ်က ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး အနိုင်ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့ကြရသည်။

အခြားပွဲရလဒ်

ဗီလာ	*၁ - ၁*	***အဲဗာတန်***
ဘလက်ဘန်း	*၃ - ၁*	***ဖူလ်ဟမ်***
ဝက်စ်ဘရွန်း	*၁ - ၂*	***နော့ဝစ်ချ်***

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်

ဘရာဇီးကွင်းလယ်တိုက်စစ်မှူးဟောင်း ရီဗာဒို အင်ဂိုလာကလပ်၌ ကစားမည်

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၁၄

ဘရာဇီးကွင်းလယ်တိုက်စစ်မှူးဟောင်း ရီဗာဒိုသည် အင်ဂိုလာကလပ် ကာဘူစကော့အက်ဖ်စီအသင်းတွင် တစ်နှစ်စာချုပ်ဖြင့် ကစားရန် ဇန်နဝါရီ ၁၃ ရက်၌ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ယင်းကလပ်က ဇန်နဝါရီ ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်သည့် ရီဗာဒို **(အောက်ပုံ)**သည် ဘရာဇီးကလပ် ဆော်ပေါလိုအသင်းတွင်ကစားနေရာမှ အင်ဂိုလာကလပ် ကာဘူစကော့သို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။ အဆိုပါတစ်နှစ်စာချုပ်အတွက် ရီဗာဒိုသည် အမေရိကန် ဒေါ်လာနှစ်သန်းရရှိမည်ဖြစ်သည်။

သွင်းယူပေးနိုင်ခဲ့

ရီဗာဒိုသည် ၂၀၁၂ ခုနှစ် အင်ဂိုလာချန်ပီယံရှစ်ဖလားရယူရန်အတွက် ကာဘူစကော့အက်ဖ်စီအသင်းကို စွမ်းဆောင်ပေးရမည်ဖြစ်သည်။ ၂၀၀၂ ခုနှစ်က ဘရာဇီးဘောလုံးအသင်းအား ကမ္ဘာ့ဖလားရယူပေးရာတွင် ပါဝင်ကစားခဲ့သော တိုက်စစ်မှူးရီဗာဒိုသည် ဘရာဇီးအသင်းအတွက် စုစုပေါင်း ၇၄ ပွဲကစားခဲ့ပြီး ၄၃ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ရီဗာဒိုသည် ဖီဖာကချီးမြှင့်သည့် တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ၁၉၉၉ ခုနှစ်က ရရှိခဲ့ပြီး ယင်းနှစ်မှာပင် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုလည်း ရရှိခဲ့သည်။ ရီဗာဒိုသည် ဒီပို့တီဗို၊ ဘာစီလိုနာ၊ အေစီမီလန်စသည့် ထိပ်တန်းကလပ်အသင်းများတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ယခုတိုင် ကစားသမားဘဝကို ခံယူထားသူတစ်ဦးဖြစ်သည်။ **(အင်တာနက်)**



မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းက ဩဝါဒါစရိယဆရာတော်များထံမှ ဩဝါဒခံယူ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းက ဩဝါဒါစရိယဆရာတော်များထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိပိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းနာယက၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊အသင်းဥက္ကဋ္ဌဒေါက်တာ ခင်ရွှေနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ အသင်းနာယက ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ရေစက်ချအနုမောဒနာတရား နာယူကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းက ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကျင်းပစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဌာနဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ဌာန၏ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) ခွင့်ပြုသုံးစွဲမှု၊ ဌာန၏ GDP လျာထားသတ်မှတ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်များ စတင်ခွင့်ပြုချိန်မှ ဇန်နဝါရီ ၁၂ ရက်အထိ လူစီးယာဉ် ၁၈၀၈၃စီး၊ ကုန်တင်ယာဉ် ၆၉၄ စီးနှင့် ဘတ်စ်ကား ၂၇၆ စီးအတွက် သွင်းကုန်ပါမစ်/လိုင်စင်များ ခွင့်ပြုထုတ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၄

မော်တော်ယာဉ်အိုး/ယာဉ်ဟောင်းများ အစားထိုးလဲလှယ်ရေးအစီအစဉ်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကြေညာခဲ့ပြီး ပြည်ပမှ အစားထိုးတင်သွင်းခွင့် အထူးပါမစ်ကို ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယခုလက်ရှိ ယာဉ်အိုး/ယာဉ်ဟောင်း အစားထိုးတင်သွင်းခွင့်ပြုခြင်းအပြင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဟိုတယ်/ခရီးသွားလုပ်ငန်းရှင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်နေသော သံတမန်ဝန်ထမ်းများ၊ နိုင်ငံဝန်ထမ်းများ၊ ကာလရှည်ပညာသင်သွားရောက်သော နိုင်ငံဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ဖြင့် မော်တော်ယာဉ်တစ်စီးစီ တင်သွင်းခွင့်ပြုလျက်ရှိသည်။

ပင်လယ်ကူးသင်္ဘောသားများ မော်တော်ယာဉ်တင်သွင်းခွင့်ကို ပို့ဆောင်ရေးဝန်ကြီးဌာနရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ထောက်ခံချက်ဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ရယူ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်ပေးထားသော သင်္ဘောသား ၉၉၅ ဦး အမည်စာရင်းပေးပို့ထားပြီး ယခင်ကတင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်၏ဈေးနှုန်း၊ မော်ဒယ်တိတိကျကျ မသိရသေးသောကြောင့် တင်သွင်းခွင့်မလျှောက်ကြသေးသော်လည်း ယခုအခါ ဆောင်ရွက်ရမည့်ဈေးနှုန်းနှင့်မော်ဒယ်များ တိတိကျကျ သိရှိပြီးဖြစ်၍ လျှောက်လွှာများ စတင်လျှောက်ထားနေပြီဖြစ်ရာ ဇန်နဝါရီ ၁၂ ရက်တွင် လျှောက်ထားသူ ၁၅ ဦးရှိပြီး အားလုံးကို သွင်းကုန်ပါမစ်ထုတ်ပေးခွင့်ပြုပြီးဖြစ်ကြောင်း သိရှိရသည်။

လျှောက်ထားသူများအနက် ၁၁ ဦးမှာ ကားတစ်စီး ဒေါ်လာ ၅၀၀၀ဖြင့် ဝယ်ယူခွင့်ပြုသည့် အင်ဂျင်ပါဝါ ၁၃၅၀ စီစီအောက် ၂၀၀၉ မော်ဒယ်လေးစီး၊ ၂၀၀၈ မော်ဒယ်သုံးစီး၊ ၂၀၀၇ မော်ဒယ်လေးစီးဖြစ်ကြောင်းနှင့်ကျန်လေးစီးမှာ ဒေါ်လာ ၁၀၀၀၀ မှ ၂၀၀၀၀ ကြားတန်ဖိုးရှိ ကားများဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ စတင်ခွင့်ပြုချိန်မှ ဇန်နဝါရီ ၁၂ ရက်အထိ သင်္ဘောသားများအတွက် လူစီးယာဉ် ၁၅ စီး၊ ကုမ္ပဏီလုပ်ငန်းရှင်များအတွက် လူစီးယာဉ် ၁၁၃ စီး၊ ယာဉ်အိုး/ယာဉ်ဟောင်းတွင် လူစီးယာဉ် ၁၇၉၅၅ စီး၊ ကုန်တင်ယာဉ် ၆၉၄ စီးနှင့် ဘတ်စ်ကား ၂၇၆ စီးတို့ကို သွင်းကုန်ပါမစ်/လိုင်စင်များ ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် တောင်ဘက်စောင်းတန်း ပြုပြင်ရန်အတွက် နှစ်ဖက်သောမိဘများအား ရည်စူး၍ ဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)(လွှတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်)၊ ဇနီး ဒေါ်ခင်နွဲ့ဝင်း (လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်) မိသားစုတို့က အလှူငွေကျပ် သိန်း ၃၅၀ကို ဇန်နဝါရီ ၄ ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် အဖွဲ့ဝင်များ လက်ခံကြစဉ်။ (၀၄၉)

တဲထိုးရန် မြေပေါက်ရာမှ ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိခဲ့ သက်ဆိုင်ရာသို့ အပ်နှံသဖြင့် ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်ခံရ

နေပြည်တော် ဇန်နဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ကံဦးကျေးရွာနေ ဦးဟန်တင်သည် မရမ်းတောင်အောက် ကျေးရွာအနီး၌ တဲထိုးရန် မြေပေါက်ရာမှ မြေအိုးတစ်လုံးကိုပေါက်မိသဖြင့် တူးဖော်ကြည့်ရာ ပျူခေတ်ကျောက်ရောင်စုံပုတီးစေ့ ၃၄၇ လုံး၊ အရိုးပုတီးစေ့များ၊ ကျောက်ပုတီးစေ့များ၊ ကြေးချူ ၂၈လုံးနှင့် ကုန်းဘောင်ခေတ်လက်ရာ ငွေပြားနှစ်ပြားတို့ကိုတွေ့ရှိခဲ့ပြီး ယင်းရှေးဟောင်းပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည်။

ရှေး ဟောင်း သုတေ သန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း ပျူခေတ် လက်ရာ ပုတီးစေ့ များ၊ ကြေးချူများ နှင့် ငွေပြားနှစ်ပြား လာရောက် အပ်နှံ သည့် ဦးဟန်တင် အား ဆုကြေးငွေ များ ပေးအပ် ချီးမြှင့်စဉ်။
(သတင်းစဉ်)

ထိုက်တန်စွာချီးမြှင့်

အပ်နှံပစ္စည်းများကို ဦးစီးဌာနရှိ ရှေးဟောင်းပစ္စည်း အကဲဖြတ်အဖွဲ့က စစ်ဆေးပြီး ခေတ်ကာလကြေး၊ လက်ရာကြေးများတွက်ချက်၍ ရှေးပစ္စည်းတွေ့ရှိ အပ်နှံသူအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ဆုကြေးပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ယခုကဲ့သို့ ရှေးဟောင်းပျူခေတ်လက်ရာပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လာရောက်အပ်နှံသောပစ္စည်းများသည် ပျူခေတ်လက်ရာဖြစ်သဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုး ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့်တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက်ရှိကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင် ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေများအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပျူခေတ်လက်ရာ ပုတီးစေ့များ၊ ကြေးချူများနှင့် ငွေပြားနှစ်ပြား လာရောက်အပ်နှံသည့် ဦးဟန်တင်အား ဆုကြေးငွေ ၁၁၆၄၉၆၄ ကျပ်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုကြေးငွေ ချီးမြှင့်ခံရသူ ဦးဟန်တင်က ကိုယ်တိုင်တွေ့ရှိအပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရှေးဟောင်းပစ္စည်းများ တွေ့ပါက တာဝန်သိစွာ သွားရောက်အပ်နှံကြရန် ထပ်ဆင့်အသိပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စုဆောင်းထိန်းသိမ်း

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှတွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအားတွေ့ဆုံစဉ် မှာကြားသည်။

ရှေးဦးစွာ ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်၊ အောင်မိုးခိုင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၊ ပုလဲနဒီကုမ္ပဏီလီမိတက်၊ နေကြာပန်းကုမ္ပဏီလီမိတက်၊ ဝင်းနားဘရားသား ကုမ္ပဏီလီမိတက်တို့မှ မန်နေဂျင်း ဒါရိုက်တာများက ကုမ္ပဏီအလိုက် ကဏန်း၊ ပုစွန်မွေးမြူရေး လုပ်ကိုင်ကြသည့် မြေအကျယ်အဝန်း၊ မွေးမြူသည့်အကောင်အရေအတွက်၊ သန့်စင်ထုတ်လုပ်နိုင်မှု၊ ဝန်ထမ်းများအခြေအနေ၊ လက်ရှိကြုံတွေ့နေရသော အခက်အခဲများအား ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် လူတစ်ဦးချင်း၌ အသက်ရှင်ရန် လိုအပ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့တွင် အာဟာရဓာတ်ပြည့်စုံရန် လိုအပ်ကြောင်း၊ အရည်အသွေးပြည့်မီသော အာဟာရဖြစ်စေမည့် သားငါးများကို စားသုံးခြင်းဖြင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

လုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း လုပ်ငန်းများကို တစ်ဦးချင်းလုပ်ကိုင်ဆောင်ရွက်ခြင်းထက် ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်း (Public Private Partnership) ပြုလုပ်ပါက တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို အလွယ်တကူ ဖြေရှင်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ကဏန်း၊ ပုစွန်များကို မွေးမြူထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးကို ရည်ရွယ်ပြီး ခယာ၊ သစ်မောင်း၊ လမု၊ လမဲ့တော၊ ဒီရေတောများအား ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်စိုက်ပျိုးခြင်းဖြင့် ကဏန်း၊ ပုစွန်သားပေါက်များအား သဘာဝရှင်သန်ပေါက်ပွားမွေးမြူနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ကိုယ်ပိုင်ဒီရေတောဖြင့် သဘာဝကဏန်းသားပေါက်များရရှိလာပြီး ကဏန်းပေါက် ကုန်ကြမ်းဝယ်ယူစရိတ်လျော့ကျလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်ပေးသည့် အကျိုးနှစ်မျိုးကိုတစ်ပြိုင်တည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း။

သမဝါယမကောလိပ်များမှ မွေးထုတ်ပေးလိုက်သည့် Youth Co-operator များနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မွေးမြူဆေးကုဆရာဝန်များကို လုပ်ငန်းရှင်ကြီးများလုပ်ကိုင်နေသော ကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးရန်နှင့် သမဝါယမကောလိပ်များနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင်အတွေ့အကြုံရရှိရေးအတွက် လက်တွေ့နယ်ပယ်သို့ ကွင်းဆင်းလေ့လာဆောင်ရွက်ရာတွင်လုပ်ငန်းရှင်ကြီးများအနေဖြင့် နိုင်ငံအကျိုးအတွက် ရေရှည်မျှော်မှန်း၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ကုမ္ပဏီဝန်ထမ်း၊ အလုပ်သမားများအတွက် ဝန်ထမ်းများသက်သာချောင်ချိရေးအသင်းများ၊ အစုအဖွဲ့များအား သမဝါယမနည်းလမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစနစ်၏ အခြေခံပင်ဖြစ်ကြောင်း၊ ဝန်ထမ်း၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာမှသာ ကုမ္ပဏီ၏စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအလုပ်သမားများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအခြေအနေများအတွက် ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သည့် စနစ်သည် သမဝါယမစနစ်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် ကန်များအတွင်း ကဏန်းမွေးမြူထားသည့်အခြေအနေများ၊ အအေးခန်းစက်ရုံအတွင်း ကဏန်းပျော့များအား ပြည်ပသို့တင်ပို့နိုင်ရန် ပြုပြင်မွမ်းမံထုပ်ပိုးနေမှုအခြေအနေများ၊ သိုလှောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး အောင်မိုးခိုင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ကဏန်းမွေးမြူထားရှိမှုအခြေအနေများကို ဆက်လက်ကြည့်ရှုအားပေးသည်။

ထို့နောက်တစ်ဆင့် သာကေတမြို့နယ်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေးဓာတ်ခွဲခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေစပါးခင်းများ ကျိုက်ထိုမြို့နယ်၌အောင်မြင်ဖြစ်ထွန်း မွန်ပြည်နယ်ဝန်ကြီးချုပ် စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် ကျိုက်ထိုမြို့ ကျိုက်ပေါ်လောမဲ့ရှင်တော်ဘုရားအား ဖူးမြော်ကြည်ညိုကာ ဘုရားပရဝဏ်သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှု၊ မဲ့ရှင်တော်ဘုရားနှင့် ရှေးဟောင်းမဟာဇေဒီစေတီတော် ပြန်လည် ပြုပြင်မွမ်းမံနေမှု၊ ကျိုက်ပေါ်လောဘုရား ယာဉ်ရပ်နားစခန်းဆောက်လုပ်မည့်မြေနေရာနှင့် ဈေးဆိုင်တန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာအုပ်စု လက်ပြကျေးရွာ ကွင်းအမှတ် (၁၂၅/က) ကံနီအရှေ့ တောင်သူရှစ်ဦး၏ ဧက ၅၀ နွေစပါးစိုက်ခင်းသို့ ရောက်ရှိပြီး အထွက်ကောင်းမျိုးနှင့်စပ်မျိုးစပါးများ ရွေးချယ်စိုက်ပျိုးရေးတို့ကိုမှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ဆက်လက်၍ ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ခင်း ကွင်းအမှတ် (၂၆၁) ရှိ တောင်သူဦးစံရီ၏ လယ်မြေခြောက်ဧက၌ အထူးအထွက်ကောင်းမျိုး LONE-8 စပါးစိုက်ပျိုးနေမှုနှင့် ဇုတ်သုတ်-ဇုက္ကလိကွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းကို ကြည့်ရှုသည်။

တွေ့ဆုံ

ထို့မှတစ်ဆင့် ကွန်ပျူတာတက္ကသိုလ် (သထုံ)ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ်ကျုံကဥယျာဉ်ခြံ၌စိုက်ပျိုးကုန်ထုတ်အသင်းသားများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

ပြည်မြို့နယ် ဟိုတယ်/ မိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များ၏ (၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ပြည်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်ပြည်တွင်းအခွန်)

● *ကျောဖုံးမှ*

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား စီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များဖြစ်ကြသည့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စွမ်းအင်၊ သတ္တုနှင့်သဘာဝအရင်းအမြစ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၊ ရန်ကုန်ရုံး (JETRO-ရန်ကုန်)တို့အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာလွှာနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကျေးလက်ဒေသ စွမ်းအင်ဖွံ့ဖြိုးမှုကော်မတီနှင့် ဂျပန်နိုင်ငံစွမ်းအင်သစ်နှင့် စက်မှုဆိုင်ရာနည်းပညာ ဖွံ့ဖြိုးရေးအဖွဲ့ (NEDO)တို့အကြား ပြည့်ဖြိုးမြစွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက ကမ္ဘာ့အဆင့်မြင့်နည်းပညာများနှင့် တန်ဖိုးမြင့်ဈေးကွက်များပိုင်ဆိုင်သည့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဦးဆောင်သော အပြည်ပြည်ဆိုင်ရာဂျပန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများမှ တာဝန်ရှိသူများကိုယ်တိုင် မြန်မာနိုင်ငံ၏အခြေခံအဆောက်အအုံများ၊စီးပွားရေးနှင့် စက်မှုကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လာမည့်နှစ်များအတွင်း ယခုထက်ပိုမိုတိုးတက်ကောင်းမွန်လာမည် ဟုသုံးသပ်ပြောကြားခဲ့သည်။**(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၁၄

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၂) ဒုတိယကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ရက်က ဆက်လက်ကျင်းပခဲ့ပါတယ်။

ကမ္ဘောဇနှင့်ဟံသာဝတီ နှစ်ပွဲဆက် နိုင်ပွဲရ ရန်ကုန်နှင့်ရောဝတီ သရေပွဲဖြစ်

ဖိုးသော်ဇင် ရေးသားသည်

ပဒုမ္မာကွင်း

ရောဝတီယူနိုက်တက်- တစ်ဂိုး
ရန်ကုန်ယူနိုက်တက်- တစ်ဂိုး

ရန်ကုန်အသင်းနဲ့ ဒုတိယဆုရခဲ့တဲ့ ရောဝတီအသင်းတို့ဟာ သရေရလဒ်နဲ့ပဲ ပြီးဆုံးခဲ့ပါတယ်။ ၂၃ မိနစ်မှာ ဂျူပီတာက ခေါင်းတိုက်ပြီး ရောဝတီအတွက်ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ရန်ကုန်တို့ချေပဂိုးရဖို့ ကစားအားမြှင့်လာပြီး ၅၅ မိနစ်မှာ ပယ်နယ်တီကတစ်ဆင့် မီလန်က ချေပဂိုး ပြန်သွင်းခဲ့ပါတယ်။

အောင်ဆန်းကွင်း

ဟံသာဝတီယူနိုက်တက်- နှစ်ဂိုး
ရက္ခပူရယူနိုက်တက်- တစ်ဂိုး

KBZ ကွင်း

ကမ္ဘောဇ - နှစ်ဂိုး
ဇွဲကပင်ယူနိုက်တက်- ဂိုးမရှိ

မုံရွာကွင်း

ဇေယျာရွှေမြေ- လေးဂိုး
ချင်းယူနိုက်တက်- တစ်ဂိုး

NPT ကွင်း

နေပြည်တော်- တစ်ဂိုး
မနောမြေ- ဂိုးမရှိ

ယမန်နေ့က ပဒုမ္မာကွင်း၌ ကျင်းပခဲ့သောပွဲတွင် မကွေးအသင်းနဲ့ ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျသွားပါတယ်။

(ယနေ့ပွဲ)

ပဒုမ္မာကွင်း

Southern - မောရဝတီ

(မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်းလူမှု၊ စီးပွားသတင်းပဒေသာ ပြည်တွင်းလူမှု၊ စီးပွားသတင်းပဒေသာ

အထက (၂)ကမာရွတ် လှိုင်နယ်မြေတွင်းသို့ ခေတ္တရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၄

မကြာသေးမီက မီးလောင်မှု ဖြစ်ပွားခဲ့သည့် အထက(၂) ကမာရွတ် (စိန့်ဩဂတ်စတင်း)ကျောင်းမှ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်လှိုင်နယ်မြေ (အာရ်စီတူး)အတွင်းသို့ ပြောင်းရွှေ့သင်ကြားရခြင်းအတွက်ကျောင်းသား ကျောင်းသူများ အသစ်အဆန်းဖြစ်ခဲ့ရကြောင်း သိရှိရသည်။

“ဒီဇင်ဘာကျောင်းပိတ်ပြီး ကျောင်းတွေ ပြန်ဖွင့်တော့ အာရ်စီတူးမှာတက်ရမယ်လို့ သိရတာပါ။ ဒီနှစ်ကျန်တဲ့ စာသင်သက်တမ်းအားလုံးကို ဒီမှာပဲ ဆက်လက်သင်ယူရမယ်လို့ သိရပါတယ်။ ကလေးတွေအတွက်ကတော့ နယ်မြေအသစ်အဆန်းဖြစ်တာရယ်၊ တီတီစီနဲ့ နီးနေတာရယ်ကြောင့် အများစုက ပျော်ရွှင်နေကြပါတယ်။ မိဘတွေအနေနဲ့ကတော့ နေရာသစ်မို့လို့ အများစုက စိတ်မချလို့ ကျောင်းမလွှတ်သေးတဲ့ မိဘအချို့တောင်ရှိတယ်။ မကြာမီ နေသားကျသွားနိုင်ပါတယ်”ဟု ဆဋ္ဌမတန်း ကျောင်းသားမိဘတစ်ဦးက မြန်မာ့အလင်းကို ပြောပြပါတယ်။ “လာမယ့် လပတ်စာမေးပွဲကိုတော့ မဖြေခိုင်းတော့ပါဘူး၊ ဒါပေမယ့် သင်ရိုးကိုရော၊ အခြားသင်ကြားမှုတွေကိုပါ ပြတ်လပ်ခြင်းမရှိအောင် ဆရာ ဆရာမတွေက အကောင်းဆုံး တာဝန်ယူနေပါတယ်။ မီးထဲကိုလည်း ကလေးတွေရဲ့ ပညာရေးမှတ်တမ်းတွေ ပါမသွားတဲ့အတွက် လိုအပ်တဲ့သင်ကြားမှုနဲ့ စာမေးပွဲတွေကို မကြာမီ ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

အာရ်စီတူးထဲမှာ စာသင်ကြားဖို့အခန်းတွေက လုံလောက်အောင်ရှိပါတယ်။ ဒါပေမယ့် ကျောင်းတစ်ကျောင်း အင်္ဂါရပ်တွေဖြစ်တဲ့ စာကြည့်တိုက်တို့၊ မာလ်တီမီဒီယာခန်းတို့၊ အိမ်တွင်းမှုခန်းတို့တွေတော့ ပြည့်စုံအောင်လုပ်ဖို့ မဖြစ်နိုင်သေးပါဘူး။ ကလေးတွေအတွက် မုန့်ဈေးတန်းကိုတော့ အသစ်ဆောက်ပေးထားပါတယ်” ဟု တာဝန်ကျ ဆရာမတစ်ဦးက ပြောပြပါတယ်။ ကလေးတွေ လုံခြုံရေးနဲ့ပတ်သက်ပြီးတော့လည်း စိတ်ချမှုရရှိစေရန်အတွက် ဆရာ ဆရာမများအားလုံး အလှည့်ကျ တာဝန်ယူကာ ယာယီကျောင်းအတွင်း ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားမိဘများ အနေနှင့် ကျောင်းဝင်းတွင်းသို့ ဝင်ရောက်ခွင့်အား တားမြစ်ထားပြီး ဆရာမများက အသံချဲ့စက်များတပ်ဆင်ကာ အထူးစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိသည်။

ယခုအခါတွင် မီးသင့်လောင်သွားခဲ့ရသည့် အထက(၂)ကမာရွတ်ကျောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူကြီးကြပ်ပြီး လာမည့်ပညာသင်နှစ်အမီ ပြန်လည်တည်ဆောက်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

“ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ကလေးတွေအတွက်ကတော့ နည်းနည်း ကသီလင်တဖြစ်တာပေါ့။ ဝန်းကျင်အသစ်ကိုပြောင်းလဲလိုက်ရတဲ့အတွက်လေ။ ဒါပေမယ့် အမြန်ဆုံးနေသားကျသွားမှာပါ။ ဒီမှာက ဖယ်ရီအတွက်လည်း စုစုစည်းစည်းပိုဖြစ်တော့ စိတ်ချရပါတယ်။ ဆရာမတွေကလည်း ပိုပြီးဂရုစိုက်ကြတယ်။ ဒါပေမယ့် အပြောင်းအလဲကြောင့် စာသင်ကြားရေးနှောင့်နှေးသွားမှာ မိဘတွေက စိုးရိမ်နေကြတယ်”ဟု ကျောင်းလာကြိုသည့် မိဘတစ်ဦးက သူမ၏အမြင်ကို မြန်မာ့အလင်းသို့ ပြောပြပါတယ်။ *(၁၅၀)*

✳ *ကျောဖုံးမှ*

ဈေးသူ ဈေးသားများမဲပေးမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနဒုတိယဌာနမှူး ဦးမောင်မောင်အေး၊ ဈေးများဌာနခရိုင်မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဈေးကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်၍ ဆောင်ရွက်ပေးကြသည်။

တည်ဆောက်

ဈေးသစ်ကြီးပြန်လည်တည်ဆောက်ရန် လျှို့ဝှက်ဆန္ဒမဲပေးမှုအရ ထောက်ခံမဲ ၄၇၀၊ ကန့်ကွက်မဲ ၁၈၅ မဲဖြင့် အများစု၏ဆန္ဒနှင့်အညီမြို့တော်စည်ပင်သာယာရေးကော်မတီကတာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

တည်ဆောက်စဉ်ကာလ၌ ယာယီဆိုင်ခန်းများအား ယခင်အမှိုက်ပုံဟောင်းကြီးရှိရာ သီရိမင်္ဂလာအားကစားကွင်း၌ နေရာချပေးသွားမည် ဖြစ်သော်လည်း ဈေးအတွင်း ရာနှင့်ချီရှိနေသော ပုံကျဈေးသည်များကမူ မည်သည့်နေရာရမည်ကို မသိရသေးကြောင်း ဈေးအတွင်း ဈေးသည်များဆီက ကြားသိခဲ့ရသည်။

ဇန်နဝါရီ ၈ ရက်က ဒေးဒရဲမြို့ စည်ပင်သာယာဈေး(၁) မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး လှသောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းယုနှင့် ဈေးမိဈေးဖများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)



အပြည်ပြည်ဆိုင်ရာစစ်တုရင် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

အပြည်ပြည်ဆိုင်ရာစစ်တုရင် နည်းပြသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း (FIDE Trainers' Seminar) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ကျင်းပပြီး သင်တန်းစတင်ပို့ချသည်။

ပေးအပ်ချီးမြှင့်

အဆိုပါ အပြည်ပြည်ဆိုင်ရာစစ်တုရင်နည်းပြသင်တန်းကို ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ Mr.Ignatius Leong နှင့် Mr.Eric Gloria တို့က သင်ကြားပို့ချကြပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိဖြစ်ပြီး သင်တန်းတက်ရောက်စာမေးပွဲဖြေဆိုပြီးစီးပါက အောင်မြင်မှုအဆင့်အလိုက် Developmental Instrvetor (DI)၊ National Instructor (NI)၊ FIDE Instructor (FI)၊ FIDE Trainer(FT) ဘွဲ့များကို ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲလျက်ရှိ
ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ဘေဂျင်းကြေညာစာတမ်းတို့ ဖော်ဆောင်မည်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအကြိမ်အစည်းအဝေး (၁/၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအကြိမ် အစည်းအဝေး(၁/၂၀၁၂)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် အမျိုးသမီး၊ အမျိုးသားခွဲခြားမှုမထားရှိခြင်းနှင့် တူညီသောအခွင့်အရေးကိုဖော်ညွှန်းသည့် ပြဋ္ဌာန်းချက်များပါရှိကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များအား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ယခုအစည်းအဝေးမှာ ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိကြောင်း၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ဘေဂျင်းကြေညာစာတမ်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအဖွဲ့ခွဲ(၁၁)ဖွဲ့ ဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဤစီမံကိန်းသည် ယခင်တပ်မတော်အစိုးရ လက်ထက် ခေါင်းဆောင်များက နိုင်ငံသားများ၏ ရေရှည်အကျိုးကို အမြော်အမြင်ကြီးမားစွာဖြင့် စတင်ချမှတ်အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်ရာ မိမိတို့နိုင်ငံတော်အစိုးရသစ်ကာလတွင် အဆိုပါတာဝန်ကို ယခုကဲ့သို့ ပခုံးပြောင်း လက်ဆင့်ကမ်းထမ်းဆောင်ပြီး ဆည်မြောင်းပညာရှင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပညာရှင်များ၏ အားထုတ်မှုဖြင့် အချိန်တိုကာလအတွင်း အကောင်အထည်ဖော်နိုင်ခဲ့မှုများမှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ဤစီမံကိန်း လုပ်ငန်းများကို စတင်အကောင်အထည်ဖော်သည်မှ ယနေ့ကာလအထိ ပါဝင်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ပညာရှင်များ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းများ စနစ်တကျပြုစုထားရှိရန် လိုအပ်ကြောင်း၊ ယခုစတင်လည်ပတ်သည့် ၃၇ မဂ္ဂါဝပ်စက်မှ ရေအားလျှပ်စစ်ပို့လွှတ်မှုများကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ပေးသွားပြီး ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ဓာတ်အားပို့လွှတ်မည့် စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် ဤကြီးအုံကြီး၀ရေအားစီမံကိန်းမှ ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်မှုကို ဖြည့်တင်းပေးနိုင်မည်ဖြစ်၍ ပြည်နယ်အနေဖြင့် တိုးတက်ဖြစ်ထွန်းမှုအကျိုးစီးပွားများကို ရရှိခံစားစေမည် ဖြစ်ကြောင်း ပြောကြားသည်။

တိုးတက်ဖြစ်ထွန်း

ယင်းနောက် ပထမအဆင့် ၃၇ မဂ္ဂါဝပ်စက်တစ်လုံးမှ လျှပ်စစ်ဓာတ်အား စတင်ထုတ်လွှတ်သည့် အခမ်းအနားကိုကျင်းပရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားတာဘိုင်များကို လည်ပတ်စေပြီး ဓာတ်အားပို့လွှတ်မှုကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Goundongကုမ္ပဏီမှ လျှပ်စစ်ပညာရှင်များအား သစ်သီးခြင်းများ ပေးအပ်ပြီး ရေအားလျှပ်စစ်တာဘိုင်များနှင့် Generator များ၊ ကွန်ပျူတာထိန်းချုပ်ခန်းနှင့် တမံ၏ခိုင်ခံ့မှုများ၊ ကန်ရေပြည့် သိုလှောင်နိုင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဤကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်တပ်ဆင်အား ၃၇ မဂ္ဂါဝပ် စက်နှစ်လုံး စုစုပေါင်း ၇၄ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ ထုတ်လွှတ်မည့် လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၃၇၀ ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့်ဧရိယာမှာ ဧက ၉၆၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် မောင်တောမြို့ အမှတ်(၁)ရပ်ကွက်၌ ဆောက်လုပ်နေသည့် သာသနာ့ဗိမာန်တော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ဗန္ဓုလခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် အလယ်သံကျော်တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာအထက်တန်းကျောင်းကိုလည်း ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် မြင်းလွတ်ကျေးရွာ အလယ်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပေါက်တောမြို့နယ် ခမောင်းဒွေကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သန်းတင်၊ ပြည်နယ်ပညာရေးမှူး ဦးဟန်စိန်နှင့် အလှူရှင်အလိုတော်ပြည့်ဆရာတော် ဒေါက်တာဘဒ္ဒန္တအရိယဝံသတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အလှူရှင်အလိုတော်ပြည့်ဆရာတော်က ဩဝါဒကထာ မြွက်ကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀ နှင့် အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းအဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂) စမ်းချောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

St.Phllomena's Convent နှင့် အထက(၂) စမ်းချောင်း၏ (၁၃) ကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂)စမ်းချောင်း စံပယ်ခန်းမ၌ကျင်းပမည်ဖြစ်ပြီး အလုပ်အမှုဆောင် ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက(၂)စမ်းချောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့ နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိသည်-

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်	စံချိန်ကျိုးသည့်
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	ကျိုးခဲ့သည့်နှစ်	နှစ်ပေါင်း
၁။	ကျိုက္ခမီ	၇၅	၂.၉၅	၆၂	၁.၆၅	၁၀-၁-၁၉၉၉	၁၀

ဆုချီးမြှင့်

ဗဟန်းမြို့နယ် အမက(၁၀) ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူခိုင် စတုတ္ထတန်းမှ ပထမဆုရ မောင်သူရိန်မောင်အား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုစာမူပြိုင်ပွဲ၏ ဆုရရှိသူများ အမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဦးရွှေသိဏ်း (ရဲရင့်ကျော်) က " ငြိမ်းငြိမ်းချမ်းချမ်း ရွာပါမိုး" စာမူဖြင့် လည်းကောင်း၊ ဒုတိယဆု ဦးခင်မောင်ရွှေ(တောမြင့်မြေ-ကျွန်းလှယဉ်)က "မိုးသက်မုန်တိုင်းစဲသောအခါ" စာမူဖြင့်လည်းကောင်း၊ တတိယဆု ဦးရဲဝင်း (ရဲမြတ်တင်)က" ပွင့်တူရွက်တူ" စာမူဖြင့်လည်းကောင်း၊ ဂုဏ်ပြုဆုများအဖြစ် ဦးကျော် (မောင်ယဉ်လှိုင်း-ပျဉ်းမမြိုင်)က "ထိုနေ့က မိုးရွာသည် " စာမူဖြင့် လည်းကောင်း၊ ဦးသောင်းရွှေ (ကေတုမောင်ညိုလင်း)က " သဘာဝဘေးပြေးတွေ့ကြသူများ" စာမူဖြင့် လည်းကောင်း၊ ဦးကြည်သောင်း(သိခ်သူ)က "ကျေးရွာနံဘေးကနိဗ္ဗာန်ဈေး" စာမူဖြင့်လည်းကောင်း၊ ဦးစံဝင်း (မောင်စံဝင်း-ဗန်းမော်)က "အဖေမြင်လှည့်စေချင်သည်"စာမူဖြင့်လည်းကောင်း၊ ဦးအေးထူးအောင်(အေထူးအောင်အဏ္ဏဝါ)က "အမွေစစ်" စာမူဖြင့်လည်းကောင်း အသီးသီး ဆုရရှိခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

ဒို့ကျေးရွာဂျာနယ်ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား နေပြည်တော်၌ကျင်းပမည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဂုဏ်ပြုဆုရရှိသူများအား မိမိတို့နေထိုင်သည့် ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာနေ ဦးကျော်မြင့် (၄၆)နှစ်သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခန့်တွင် တောင်ယာသို့သွားရောက်စဉ် လုံးခင်းကျေးရွာ အရှေ့ဘက်(၅)မိုင်အကွာခန့်၌ KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ လက်ဝဲဘက်လက်ချောင်းများပြတ်တောက်ပြီး တင်ပါးဆုံတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ဘုရားသုံးဆူမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမ၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှဝေက ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

အသေးစားငွေရေးကြေးရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ

မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ သန်း ၆၀ ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး အများစုမှာ တောင်သူလယ်သမားများဖြစ်ကြပါသည်။ ယင်းကျေးလက်နေပြည်သူများအား စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း အထိုက်အလျောက် လျှော့ချသွားနိုင်မည် ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ"**အား ၂၀၁၁ ခု ဇွန်လ ၁၀ ရက်နေ့တွင် ဖွဲ့စည်း၍ လုပ်ငန်း(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ခဲ့ပါသည်။ ဆက်လက်၍ လုပ်ငန်း(၈)ရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ကူညီဆောင်ရွက်ပေးနိုင်ရန် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ"** အား ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်း(၈)ရပ်အနက် **"အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း"**မှာ တစ်ရပ်အပါအဝင် ဖြစ်ပါသည်။

သို့ဖြစ်၍ ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော **"အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ"** ကို ဇူလိုင်လ ၇ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသော**"အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ"**ကို နိုဝင်ဘာလ ၃၀ ရက်နေ့တွင် **"၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၃"** ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့်အညီ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော **"အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအား"**ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်၍ ကျေးလက်နေပြည်သူများလိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီးများဖော်ဆောင်ပေးမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများမကြာမီ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်တော့မည် ဖြစ်ပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်းများ၊ အသေးစားချေးငွေရယူလိုသော အခြေခံလူတန်းစား ကျေးလက်နှင့်မြို့ပြနေပြည်သူများ၊ သိသင့်သိထိုက်သောအချက်များကို ဂဃနဏ သိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

သိသင့်သိထိုက်သောအချက်များ

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုတာ ဘာကို ဆိုလိုပါသလဲ။

ဖြေ။ အခြေခံလူတန်းစားအား အသေးစားချေးငွေ ထုတ်ပေးခြင်း၊ ယင်းတို့ထံမှအပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆိုလိုပါတယ်။

မေး။ အခြေခံလူတန်းစားဆိုတာ ဘယ်သူတွေပါလဲ။

ဖြေ။ ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဈေးသည်များ အပါအဝင် ပြည်သူများကို ဆိုလိုပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းဆိုတာဘာပါလဲ။

ဖြေ။ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် မတည်ငွေ၊ လျှုဒါန်းငွေနှင့် ထောက်ပံ့ငွေများ ထည့်ဝင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်သည့် သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုလိုပါတယ်။

မေး။ အသေးစားချေးငွေဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရန် အာမခံပစ္စည်း(အပေါင်ပစ္စည်း)တင်သွင်းရန် မလိုဘဲ ထုတ်ချေးသည့်ငွေကို ဆိုလိုပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများအနေဖြင့် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရပါမလဲ။

ဖြေ။ မိမိဆောင်ရွက်လိုသည့် နယ်မြေဒေသအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့တွင် ဖွဲ့စည်းထားသည့် **"အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ"** များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်အတွင်း **"မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း"** နှင့်သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် မည်သို့လျှောက်ထားရပါမလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ အမ်အက်ဖ်အိုင်(စ်)-၀၁နှင့်အတူ ဖြစ်နိုင်ခြေလေ့လာချက်အား ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ပါတယ်။ မတည်ငွေရင်းအပြည့်အဝကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့်နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရပါမယ်။ အဆိုပါထည့်ဝင်ပြီး မတည်ငွေရင်းကို ကြီးကြပ်မှုကော်မတီက လိုင်စင်ထုတ်ပေးမှုလုပ်ငန်းများ ပြီးစီးမှသာ ပြန်လည်ထုတ်ယူခွင့် ရှိပါတယ်။ ကြီးကြပ်မှုကော်မတီအနေဖြင့် လျှောက်လွှာပုံစံပါ ဖြည့်စွက်ချက်များနှင့် ဖြစ်နိုင်ခြေလေ့လာချက်တို့ကို စိစစ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားပြီး လိုင်စင်ရရှိရန် မည်မျှကြာပါသလဲ။

ဖြေ။ ကြီးကြပ်မှုကော်မတီသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးမှာဖြစ်ပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသည့်နေ့မှစ၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို ဘယ်နှရက်အတွင်းပေးသွင်းရပါမလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသည့်နေ့မှစ၍ ၁၅ ရက်အတွင်း

မောင်ဘဏ္ဍာအခွန်

သတ်မှတ်သည့်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေးကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့်နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရပါမယ်။

မေး။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့်နေ့မှ ဘယ်နှလအတွင်း လုပ်ငန်းစတင်ရပါမလဲ။

ဖြေ။ လိုင်စင်ရရှိသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစတင်လုပ်ရမှာဖြစ်ပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားရာတွင် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို မည်မျှသတ်မှတ်ထားပါသလဲ။

ဖြေ။ အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ကျပ် ၁၅ သန်း၊ အပ်ငွေလက်ခံသည့်အဖွဲ့အစည်းများအတွက် ကျပ် သန်း ၃၀ သတ်မှတ်ထားပါတယ်။

မေး။ အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့် ရန်ပုံငွေနှင့် အသေးစားချေးငွေရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေစုဆောင်းရသည့် စုဆောင်းငွေများလက်ခံ၍ အသေးစားချေးငွေထုတ်ပေးသည့် အဖွဲ့အစည်းကို ဆိုလိုပါတယ်။

မေး။ အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့်ရန်ပုံငွေ၊ အသေးစားချေးငွေ ရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေအပြင် မိမိဆန္ဒအလျောက်စုဆောင်းသည့် အပ်ငွေများဖြင့် အသေးစားချေးငွေထုတ်ပေးသည့် အဖွဲ့အစည်းကို ဆိုလိုပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို မည်မျှသတ်မှတ်ထားပါသလဲ။

ဖြေ။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို ကနဦး ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းသတ်မှတ်ထားပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် သတ်မှတ်လိုင်စင်ကြေးကို လိုင်စင်ထုတ်ပေးသည့်နေ့မှ ဘယ်နှရက်အတွင်း ပေးသွင်းရပါမလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် သတ်မှတ်လိုင်စင်ကြေးကို လိုင်စင်ထုတ်ပေးသည့်နေ့မှ ၁၅ ရက်အတွင်း ပေးသွင်းရပါမယ်။

မေး။ နှစ်စဉ်လိုင်စင်ကြေးကို မည်မျှသတ်မှတ်ထားပါသလဲ။

ဖြေ။ ထည့်ဝင်ပြီးမတည်ငွေရင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို နှစ်စဉ်လိုင်စင်ကြေးအဖြစ် သတ်မှတ်ထားပါတယ်။

မေး။ နှစ်စဉ်လိုင်စင်ကြေးကို ဘယ်ကာလမှာ ပေးသွင်းရပါမလဲ။

ဖြေ။ နှစ်စဉ်လိုင်စင်ကြေးကို ဘဏ္ဍာရေးနှစ် ဧပြီလတွင် ပေးသွင်းရပါမယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို သက်တမ်းမည်မျှ သတ်မှတ်ထားပါသလဲ။

ဖြေ။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးရာတွင် သက်တမ်းကန့်သတ်ချက် မထားရှိပါ။

မေး။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် မည်သည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသေးစားချေးငွေထုတ်ပေးခြင်း၊ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါတယ်။ ယခုလောလောဆယ်ကြီးကြပ်မှုကော်မတီအနေဖြင့်**"အသေးစားချေးငွေ ထုတ်ပေးခြင်း"** နှင့် **"အပ်ငွေလက်ခံခြင်း"** လုပ်ငန်းများကိုသာ ခွင့်ပြုဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မေး။ လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် လိုင်စင်လျှောက်ရန် လိုအပ်ပါသလား။

ဖြေ။ လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်လျှောက်ထားရန် လိုအပ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားရပါမယ်။

မေး။ အခြေခံလူတန်းစားများကို မည်ကဲ့သို့ ငွေချေးပါသလဲ။

ဖြေ။ အခြေခံလူတန်းစားများကို စိတ်တူကိုယ်တူ အချင်းချင်း ရိုင်းပင်းကူညီကြစေရန် အဖွဲ့ဖွဲ့၍ အဖွဲ့စနစ်ဖြင့် တာဝန်ယူပြီး ငွေချေးပေးပါတယ်။

မေး။ အတိုးနှုန်းကို မည်သို့ သတ်မှတ်ထားပါသလဲ။

ဖြေ။ အသေးစားချေးငွေအပေါ် အတိုးနှုန်းအား ကျပ် ၁၀၀ တစ်လလျှင် ၂ ဒသမ ၅ ကျပ်၊ တစ်နှစ်လျှင် ၃၀ကျပ်နှုန်းထက်မများရန်၊ အပ်ငွေပေါ်အတိုးနှုန်းအား ကျပ် ၁၀၀ တစ်လလျှင် ၁ ဒသမ ၂၅ ကျပ် တစ်နှစ်လျှင် ၁၅ ကျပ်နှုန်းထက်မနည်းရန် သတ်မှတ်ထားပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် တစ်ခုတည်းသာ မဟုတ်ဘဲ တစ်ခုထက်ပိုပြီး လုပ်ငန်းလုပ်ကိုင်လိုကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တိုက်ရိုက်လျှောက်ထား၍ ရပါသလား။

ဖြေ။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်တစ်ခုတည်းသာမဟုတ်ဘဲ တစ်ခုထက်ပိုပြီး လုပ်ငန်းလုပ်ကိုင်လိုကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ တိုက်ရိုက်လျှောက်ထားလာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီများ၏ စိစစ်ခွင့်ပြုချက်များ ပူးတွဲပါရှိရန် လိုအပ်ပါတယ်။

မေး။ ထည့်ဝင်ပြီး မတည်ငွေရင်းကို မည်သို့ ပေးသွင်းရပါသလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများသည် ထည့်ဝင်ပြီး မတည်ငွေရင်းကို ငွေသားဖြင့် (Show Money) ပေးသွင်းရပါမည်။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမပြဋ္ဌာန်းမီ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ မတည်ငွေ(Show Money) အဖြစ် တင်ပြရာမှာ လည်ပတ်မတည်ငွေများအား စာရင်းဇယား အထောက်အထားခိုင်လုံစွာ ရယူ၍ အတည်ပြုပေးရမှာဖြစ်ပါတယ်။ ။

မော်လမြိုင် ဇန်နဝါရီ ၁၄

မော်လမြိုင်မြို့နယ် အမှတ်(၉)အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲကျင်းပ

မော်လမြိုင်မြို့နယ် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း ဦးသာညွှန့်ခမ်းမရုံ၌ ကျင်းပရာ လက်ထောက်ပြည်နယ် ပညာရေးမှူး (စစ်ဆေးရေး) ဦးစံမြင့်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဧည့်သည်တော်များ၊ မိဘများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများ၏ အနုပညာတင်ဆက်မှုများဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာလှလှမော်က အမှာစကားပြောကြားပြီး ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ဘက်စုံ

ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၇၅ ဦးတို့အား ကျောင်းအုပ်ကြီးနှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ဧည့်သည်တော်များက ဆုများအသီးသီး ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)(ပညာရေး)**

မီးဘေးအန္တရာယ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့်ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့်ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက် စနစ်တကျရေးဆွဲထားပြီး အနည်းဆုံး တစ်လတစ်ကြိမ် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံ မီးသတ်သင်တန်း တက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သောပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်းရှိ/မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများထားရှိတာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သိုလှောင်ကန်များတွင် မြေစိုက်ကြိုးနှင့်မိုးကြိုးလွှဲများ စနစ်တကျတပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့် ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့်ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့် လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ်ဆီဖြည့်သည့်နေရာ (Bowser Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ (Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန်စခန်းဖြစ်ပါက ဆီတင်/ဆီချဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီလက်ခံသိုလှောင်ဖြန့်ဖြူးမည့် သံကန်များ စနစ်တကျ တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။ **စွမ်းအင်ဝန်ကြီးဌာန**

အင်ပူ၌ ကျွန်းနှင့်သစ်မာပင်များ ပျိုးထောင်စိုက်ပျိုး

အင်ပူ ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ်၌ လာမည့် မိုးရာသီတွင် စိုက်ပျိုးမည့် ကျွန်းနှင့် အခြား သစ်မာပင်များကို ပျိုးထောင်စိုက်ပျိုးလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်က တိုင်းဒေသကြီး သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမြင့်၊ ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(၅)နှင့် ဟင်္သာတခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းတို့သည် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ တစ်အိမ်ထောင်သစ်မာ(ယူကလစ်)အပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် ပြည်သူများ ဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိသည့် ပျိုးဥယျာဉ်များသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ လပွတ္တာမြို့နယ်၌ လွှဲပြောင်းပေးအပ်

လပွတ္တာ ဇန်နဝါရီ ၁၄

လပွတ္တာမြို့နယ် (၇)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ အိုကီနာဝါ(ဂျပန်)လူမှုကူညီရေးအသင်းဥက္ကဋ္ဌ အလှူရှင် မစ္စတာလျှိုးဆာဝါရှင်ကန်နှင့် အထက(၂)ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အလှူရှင် အိုကီနာဝါ(ဂျပန်) လူမှုကူညီရေးအသင်းဥက္ကဋ္ဌ အလှူရှင်မစ္စတာ လျှိုးဆာဝါရှင်ကန်နှင့် မစ္စစ်လျှိုးဆာဝါတိုးမိုးအဲလ်တို့က ကျောင်းဆောင်သစ်သော့နှင့် ပရိဘောဂများ လွှဲပြောင်းပေးအပ်ရာ အထက(၂) ကျောင်းအုပ်ကြီး ဦးစန်းလွင်က လက်ခံယူသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အာစီကွန်ကရစ် အလျား ၇၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေဖြစ်ပြီး ကုန်ကျငွေကျပ် ၄၉၂ သိန်းခန့်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့လယ်ရုံများတွင် ဇာတ်ကားဟောင်းများ ဆက်လက်အောင်ပွဲခံ

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၁၄

ယခုတစ်ပတ် ရန်ကုန်မြို့လယ်ရုံများတွင် ဇာတ်ကားသစ်များ မဝင်ဘဲ ဇာတ်ကားဟောင်းများသာ ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများတွင် ခင်ဆိုင်(ကြောင်ကမ္ဘာ)ဝတ္ထုကို မစန္ဒာဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ခင်စောမျိုး(အဖေ့ပညာ) ရိုက်ကူးသည့် **အမေ့ကျေးဇူး ဆပ်ဖူးချင်တယ်** ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ အဆိုပါ ဇာတ်ကားတွင် ပြေတီဦး၊ သက်မွန်မြင့်၊ အကယ်ဒမီနေအောင်၊ အကယ်ဒမီ မေသန်းနုတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

ထို့ပြင် ရွှေဆောင်ရုံတွင် **Mission; Impossible-4** ဇာတ်ကားနှင့် နေပြည်တော်ရုပ်ရှင်ရုံတွင် **The Twilight Saga; Breaking Dawn Part-1** ဇာတ်ကားတို့ ရုံတင်ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။

(မြန်မာ့အလင်း)

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရွှေကူ ဇန်နဝါရီ ၁၄

ကချင်ပြည်နယ် ရွှေကူမြို့ ဆင်တပ်ကျေးရွာ အမက မူလွန်ကျောင်းတွင် ဒီဇင်ဘာ ၂၃ ရက်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အတန်းလိုက် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးညွန့်ကြည်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။

(ဝ၇၃)

ဇန်နဝါရီ ၁၀ ရက်က အမှတ်(၁၃)အခြေခံပညာ မူလတန်းလွန်ကျောင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တတိယတန်းမှ မောင်လင်းသစ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်(၉၀)ဖြစ်ပွားခဲ့

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၁၁ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးဖိုမီး၊ ပေါ့ဆမီး (၅၇) ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး (၂၉)ကြိမ်နှင့် ရှို့မီး သုံးကြိမ် စုစုပေါင်း အကြိမ်(၉၀) ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၃၀၆ လုံးနှင့် အလုပ်ရုံ ၁၈ ရုံ မီးလောင်ခံရကာ မီးဘေးဒုက္ခသည် ၂၂၁၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ၉၂ ဦး ဒဏ်ရာရပြီး ၂၂ ဦးသေဆုံးခဲ့ရသည်။

အသိပေးနှိုးဆော်

မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိချိန်တွင် ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းမှန်သမျှတွင် ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

(ကိုချစ်)

မီးသုံးခွဲလျှင် သတိယှဉ်

အစဉ်သတိအမြဲရှိ

နှစ်လုံး သုံးလုံးဒိုင် ဖမ်းဆီးမိ

မှုခင်းသတင်း

ရန်ကုန် ဇန်နဝါရီ ၁၄

တရားမဝင်လောင်းကစားမှုများပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့်အတူလက်တွဲပြီး ချဲထီခေါ် နှစ်လုံး၊ သုံးလုံးလောင်းကစားမှုများနှင့် ဘောလုံးပွဲ အနိုင် အရှုံး လောင်းကစားမှုများကို ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ နှစ်လုံး၊ သုံးလုံးလောင်းကစားဒိုင်တစ်ဒိုင်ကို တာဝန်သိပြည်သူတစ်ဦး၏ ဇန်နဝါရီ ၉ ရက်က သတင်းပေးမှုကြောင့် စခန်းမှူးရဲအုပ်အောင်ငွေစိုး ဦးစီးသော အဖွဲ့က သတင်းရပြီး နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ သတင်းအရ ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်အရှေ့ရပ်ကွက် ဦးသီလလမ်းနှင့် လှည်းတန်းလမ်းထောင့် ရေသန့်ရောင်းသည့် အိမ်ဆိုင်အတွင်းမှ ချိုင်း (ခေါ်) နိမိတ်ပုံဖော် စာရွက်များ၊ ရေးမှတ်လက်စဘောက်ချာစာအုပ်များ၊ လောင်းကြေးငွေများ၊ မှတ်တမ်းဗလာစာအုပ်များနှင့် ဂဏန်းပေါင်းစက်တို့နှင့်အတူ လောင်းကစားဒိုင်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးနိုင်ပြီး သက်ဆိုင်ရာက အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ဝ၄၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **သစ္စာရှေ့ထား မေတ္တာပွား ဘုရားပူဇော်ပွဲ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရီန္ဒာဘိဝံသ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၀)
- ၈:၄၅ Four FLAVOURS Show (Part-6)
- ၉:၄၀ Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
- ၁၀:၁၀ နည်းပညာသစ်များနှင့် ရှင်သန်နေတဲ့ VFRDC (တစ်သျှူးနည်းဖြင့် အပင်မျိုးပွားခြင်း)
- ၁၀:၃၀ Haicneal ချစ်သူများအတွက် ကျေးဇူးတုံ့ပြန်ပွဲ
- ၁၀:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရာဇဝင်ထဲကအလန်း**
- ၁၁:၁၀ သွယ်လျကျန်းမာ လှပစေတာ Smart Girls ပါ
- ၁၁:၃၀ Study Abroad Information Centre (Study in Singapore)
- ၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၅)
- ၁၂:၃၀ ယုဇနပလာဇာဂေါက်သီးရိုက်အသင်း၏ ဂေါက်ရိုက်ပြိုင်ပွဲ
- ၁:၀၀ **သစ္စာရှေ့ထား မေတ္တာပွား ဘုရားပူဇော်ပွဲ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရီန္ဒာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၀)
- ၃:၂၀ ဂုဏ်ထူးဦးသိန်းနိုင်၏ ပညာရည်ချွန်ဆုပေးပွဲနှင့် အာစရိယပူဇော်ပွဲ
- ၃:၃၀ **MNL MYANMAR 2012 (Southern Myanmar Vs Mawyawady) (LIVE)**
- ၅:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၆)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ ဗုဒ္ဓဂယာ၌ ကျင်းပပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ပိဋကတ်သုံးပုံ ပူဇော်ပွဲ အခမ်းအနား
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၈)
- ၇:၃၅ Road to Fantestic Music Contest
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Road to New Star Gems & Jewellery Show
- ၈:၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၆)
- ၈:၅၅ ဗီဒီယိုပြခန်း
- ၉:၁၅ သွားမယ်စားမယ်(စိမ်းလန်းစိုပြည်)
- ၉:၄၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၁)
- ၁၀:၂၅ **Barclays Premier League Swansea City Vs Arsenal**
- ၁၂:၂၅ ဂဏန်းသင်္ချာပျော်စရာ
- ၁:၀၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁:၂၅ Kid' s Show
- ၁:၄၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁:၅၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
- ၂:၃၅ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၂:၅၅ ရောင်စုံရသ နီယွန်ည
- ၃:၂၅ ကြက်သွန်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
- ၃:၄၀ ဂန္ထဝင်မြောက်ပန်းချီဆရာကြီး ဦးဘကြည်
- ၃:၅၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်းမြန်မာ့အနုပညာ)
- ၄:၁၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
- ၄:၄၀ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်… ဖားအောက်တောရ စခန်းမှသည်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့်အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	Newcastle United-QPR	(ESPN)
၁၀:၂၅	Swansea City-Arsenal	(ESPN) (MRTV-4)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းဖွင့်ပေးပါ

စာတည်းခင်ဗျား-

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဆင်သေကန်ကျေးရွာတွင် အိမ်တစ်အိမ်သည် လမ်းမကို ပိတ်ဆို့ခြံခတ်ထားသဖြင့် ကျေးရွာတောင်သူများသည် လှည်းနွားစသော လယ်ယာသုံးပစ္စည်းများကို ရွာအပြင်ထားခဲ့ရပြီး မိမိအိမ်နောက်မှထွက်၍ လယ်ယာလုပ်ငန်းခွင်သို့ သွားနေရပါသောကြောင့် အဆိုပါလမ်းကို သက်ဆိုင်ရာမှ ပြန်လည်ဖွင့်ပေးနိုင်ရန် တင်ပြအပ်ပါသည်။ **လမ်းပြန်ဖွင့်လိုသူ**

အမှိုက်ပုံကြီး ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် မဟာမြိုင်ဈေးတန်းအဆုံးရှိ အမှိုက်ပုံကြီးမှ ထွက်ရှိသောအနံ့ဆိုးကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

စည်းကမ်းမဲ့ဈေးဆိုင်များ ဖယ်ရှားပြီးဖြစ်

၆-၁-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဖူးကြီးကျေးရွာရှိ ဖူးကြီးကားလမ်းပေါ်သို့တက်၍ လမ်းဘေးဝဲယာများတွင် ဆိုင်ခန်းများနှင့် ဈေးဖန်းများချကာ ရောင်းချနေပါသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရ** ပေးစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မြန်မာ-ဂျပန် စီးပွားရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာလွှာလက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတို့အကြား စီးပွားရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဦးဆောင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E Mr. Yukio EDANO ဦးဆောင်၍ NEDO၊ JETRO၊ Japan Oil, Gas and Metals National Corporation (JOGMEC)၊ Nippon Export and Investment Insurance (NEXI)၊ Keidanren ကုမ္ပဏီများ၊ ရန်ကုန်မြို့ရှိ ဂျပန်စက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၃ ●

အစည်းအဝေးကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတို့အကြား စီးပွားရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ အနုပညာ

➤ ခင်ရတနာ - ရေးသားသည် ➤

၂၀၁၂ ခုနှစ် ရေပန်းအစားဆုံးအနုပညာရှင်အဖြစ် ကတ်တီပယ်ရီကို ရွေးချယ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄

(၃၈)ကြိမ်မြောက် People Choice Awards 2012 ကို လော့စ်အိန်ဂျလိစ်၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ရာ အဆိုပါပွဲတွင် ၉၅ ရာခိုင်နှုန်းသော ပရိသတ်ထောက်ခံမှုတို့ဖြင့် ကတ်တီပယ်ရီ

(ဓါတ်ပုံ) က ရေပန်းအစားဆုံး အနုပညာရှင်ဆုကိုရရှိခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားထားသည့် dailygossip စာမျက်နှာမှ သိရှိရသည်။ ဇန်နဝါရီ ၁၁ ရက် ညပိုင်းက ကျင်းပခဲ့သည့် အဆိုပါ အခမ်းအနားတွင် လူကြိုက်အများဆုံး အမျိုးသမီးအနုပညာရှင်ဆု၊ အကောင်းဆုံး သီချင်းဆု၊ အကောင်းဆုံး တီဗွီဇာတ်လမ်းဆု စသည်တို့ကို ချီးမြှင့်ခဲ့သည်။

သူမသည် ၂၀၁၁ နှစ်ဆန်းပိုင်းကမှ လက်ထပ်ထားခဲ့သော ခင်ပွန်းဖြစ်သူနှင့် ပြီးခဲ့သည့်လကမှ ကွာရှင်းထားသူဖြစ်သည်။ ဒုတိယလူကြိုက်အများဆုံးဆုကို ဟယ်ရီပေါ်တာဇာတ်လမ်းတွဲမှ နောက်ဆုံးဇာတ်လမ်းတွဲဖြစ်သည့် Harry Potter and the Deathly Hallows Part 2 ဇာတ်ကားက ရရှိခဲ့ပြီး အဆိုပါဇာတ်လမ်းတွဲကို ဒါရိုက်တာ Daniel Radcliffe က ဖန်တီးပုံဖော်ထားသည်။

အဆိုပါဇာတ်လမ်းတွဲသည် လူကြိုက်များသည့် ဇာတ်လမ်းတွဲဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲမှ အကောင်းဆုံးဇာတ်လမ်းဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု စသည်တို့ရရှိခဲ့သည်။

ကိုးကား-အင်တာနက်

ဈေးသူဈေးသားများ၏ လွတ်လပ်သော လျှို့ဝှက်ဆန္ဒမဲဖြင့် အလုံမြို့နယ် သိပ္ပံဈေးကြီး အဆင့်မြင့်တည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး
(ကြည့်မြင်တိုင်)

အလုံမြို့နယ် ဆင်မင်းလမ်းနှင့် ကမ်းနားလမ်းမကြီးထောင့်ရှိ ဟောင်းနွမ်းနေပြီဖြစ်သော ယခင်ဆင်မင်းဈေး (ခေါ်) သိပ္ပံဈေးကြီးအား အဆင့်မြင့်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဈေးသူဈေးသားများ၏ လွတ်လပ်သော လျှို့ဝှက်မဲပေးစနစ်ဖြင့် အများဆန္ဒသဘောထားရယူကာ တည်ဆောက်တော့မည်ဖြစ်သည်။

ဈေးကြီးမှာ မြေစိုက်တစ်ထပ်ဖြစ်ပြီး အမိုးနိမ့်သည့်အတွက် အလင်းရောင်ရရှိမှု အားနည်းလျက်ရှိသည်။ အဆင့်မြင့်ဈေးကြီးအဖြစ် ပြန်လည်တည်ဆောက်ရန် တရားဝင်ဆိုင်ခန်း လက်ဝယ်ရှိသူ ဈေးသူဈေးသားများ၏ သဘောထားကို မဲပုံးထောင်၍ လျှို့ဝှက်ဆန္ဒရယူခဲ့သည်။ ထိုသို့ဆန္ဒရယူခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ယင်းဈေးကြီး၏ ဈေးတာဝန်ခံရုံးခန်း၌ ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၃ ✻

အလုံမြို့နယ် သိပ္ပံဈေးဟောင်းကြီးကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ စတင်ခွင့်ပြုချိန်မှ ဇန်နဝါရီ ၁၂ ရက်အထိ လူစီးယာဉ် (၁၈၀၈၃)စီး၊ ကုန်တင်ယာဉ် (၆၉၄)စီးနှင့် ဘတ်စ်ကား (၂၇၆)စီးအတွက် သွင်းကုန်ပါမစ်/လိုင်စင်များ ခွင့်ပြုထုတ်ပေး စာ-၆

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် ဇာတ်ကားသစ် ရိုက်ကူးမည် စာ-၅

ပရီမီယာလိဂ်ပွဲစဉ်(၂၁) ယှဉ်ပြိုင်၊ မန်ယူတို့ အိုးထရက်ဖို့ဒ်၌ အောင်ပွဲခံ စာ-၅